# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကိုဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကို လိုတိုင်းရအောင် ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏ ။

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၄၅)


၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၈၅)


# ရဘဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေး



နေပြည်တော် ဇူလိုင် ၁၄

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့ ရဘဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဇန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်း ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသ အမှူးပြုသော

စာမျက်နှာ ၄ ကော်လံ ၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဇန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်နှင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက အခြေခံပညာအလယ်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်



## ဧရာဝတီမြစ်ရေ ဆိပ်သာမြို့၌ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်ရောက်နိုင်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း မြန်မာနိုင်ငံရုံး အကြီးအကဲအဖြစ် အသစ်ခန့်အပ်ခြင်းခံရသူ၏ ခန့်အပ်လွှာအား လက်ခံ

စာ » ၃



## အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြု

စာ » ၇

## အိန္ဒိယက နှစ်နိုင်ငံပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်ကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့ကြောင်း ပါကစ္စတန်ပြော

စာ » ၁၀

## မန္တလေးမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်လာသဖြင့် သဲအိတ်များ ကြိုတင်ပြင်ဆင်ထား

စာ » ၁၂




မြန်မာ့အလင်း

# လူမှုဘဝအရည်အသွေးမီ မြို့သစ်ဖြစ်ရန်လို

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အရေးပေါ်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရန်ကုန်မြို့သစ်စီမံကိန်းကို ရှင်းလင်းတင်ပြသွားသည်။ ထိုသို့ တင်ပြရာတွင် ရန်ကုန်မြို့သစ်စီမံကိန်းတွင် ကြုံတွေ့နိုင်သည့် ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်၊ IMF၊ IFC တို့မှလည်း ပါဝင်ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

ယခုမြို့သစ်စီမံကိန်းမှာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းပမာဏ ကြီးမားကျယ်ပြန့်ခြင်း၊ ပြည်သူလူထု၏ လူနေမှုဘဝမြင့်မားစေရေး အထောက်အကူပြုစေမည့် စီမံကိန်းဖြစ်ခြင်း၊ မဟာရန်ကုန် ၏ အနာဂတ်စီမံကိန်းရည်မှန်းချက်ဖြစ်သော ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသော ဒေသများကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေး၊ ကုမ္ပဏီအနည်းငယ်မှ လက်ဝါးကြီးအုပ် လုပ်ကိုင်မည့်အစား နိုင်ငံသားလုပ်ငန်းရှင်များ ပါဝင်လုပ်ကိုင်ခွင့်ရရှိရေးတို့ကို ရှေးရှု၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သစ်မှ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အတွက် ယခင်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကုမ္ပဏီများကြားချုပ်ဆိုခဲ့သော စာချုပ်ကို ဖျက်သိမ်းရန် သဘောတူညီခဲ့ကြောင်းလည်း သိရသည်။

ဤသည်မှာ သတင်းကောင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ဆယ်ပုံတစ်ပုံရှိသော ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်နိုင်ငံလုံး၏ ပြယုဂ်ပင်ဖြစ်ရာ ရန်ကုန်မြို့ချဲ့ထွင်ခြင်းသည်လည်း အတိမ်းအစောင်းမခံသောကိစ္စကြီးပင် ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် လူဦးရေ တစ်သန်းအထက်ရှိသော မြို့ကြီးများကို မီဂါစီးတီးဟုသတ်မှတ်ကြပြီး ထိုသို့သော မြို့ကြီးပေါင်း ၅၀၀ ကျော်ရှိသည်ဟု ဆိုပါသည်။ ယင်းမြို့ကြီးများသည် နိုင်ငံဖြတ်ကျော်ကုမ္ပဏီကြီးများ၏ ဈေးကွက်ချဲ့ထွင်ခြင်းအတွက် ပစ်မှတ်ထားရာလည်းဖြစ်သည်။ ယခုပင်လျှင် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ပြည်ပရင်းနှီးမြှုပ်နှံမှုများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ရန်ကုန်သို့ ဝင်ရောက်ခြင်းဖြစ်ပြီး အလုပ်ခန့်အပ်နိုင်မှု၏ ၉၀ ရာခိုင်နှုန်းကျော်မှာလည်း ရန်ကုန်တွင်သာဖြစ်သည်ကို တွေ့ရပေသည်။ ထို့ကြောင့် မြို့သစ်ကိုတည်ဆောက်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အဆင်ပြေစေသော အခင်းအကျင်းများဖြစ်ရန် အရေးကြီးလှပါသည်။

အခြေခံအားဖြင့် နိုင်ငံရေးတည်ငြိမ်မှုရှိနေသည့်အောက်တွင် မြို့ကြီးတစ်မြို့၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဘဝအရည်အသွေးမည်မျှရှိသည်ကို တိုင်းတာကြလေ့ရှိပါသည်။ မြို့ကြီးတစ်မြို့၏ အခြေခံအဆောက်အအုံကောင်းမွန်မှု၊ နိုင်ငံတကာကုမ္ပဏီများ၊ နည်းပညာများနှင့်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် မြို့တော်မြူနီစီပယ်များ၏ အရည်အသွေး၊ စွမ်းဆောင်ရည်၊ လူ့အဖွဲ့အစည်းအတွင်း တည်ငြိမ်မှု၊ စားသုံးကုန်ပစ္စည်းများ အပြည့်အဝရရှိမှု၊ နေအိမ်အဆောက်အအုံ အရည်အသွေးမြင့်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းနည်းပါးမှု၊ မြို့တွင်းသွားလာရေး အဆင်ပြေမှု၊ နိုင်ငံတကာနှင့်ဆက်သွယ်ရေးအဆင်ပြေမှု၊ လျှပ်စစ်မီး၊ ရေကောင်းရေသန့်ရရှိမှု စသည်တို့ဖြင့် တိုင်းတာကြခြင်းဖြစ်သည်။

ထိုစံချိန်စံညွှန်းများဖြင့် ကမ္ဘာ့မြို့ကြီး ၂၃၁ မြို့ကို အကဲဖြတ်ရာ ထိပ်ဆုံး ၁၀ မြို့၌ ဥရောပမှ ရှစ်မြို့ပါဝင်ပြီး ကျန်နှစ်မြို့မှာ နယူးဇီလန်မှ အုတ်လင်းနှင့် ကနေဒါမှ ဗင်ကူးဗားမြို့တို့ဖြစ်သည်ဟု ဆိုပါသည်။ အာရှမှ စင်ကာပူသည် အဆင့် ၂၅ ရှိပြီး ဗန်ကောက် ၁၃၁၊ မနီလာ ၁၃၅၊ ဂျကာတာ ၁၄၃ စသည်ဖြင့်ရှိကြသည်ကို တွေ့ရသည်။ မြို့ကြီးတစ်မြို့၏ အခြားသောအရည်အသွေးများကို သတ်မှတ်ရာတွင် အစားအသောက်၊ ယဉ်ကျေးမှု အစဉ်အလာများ၊ ပြတိုက်များ၊ ပြဇာတ်ရုံများစသည်တို့လည်း ပါဝင်နေပါသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ထွက်ပေါက်ရှိရာ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့ကို လူမှုဘဝ အရည်အသွေးမီ မြို့ကြီးတစ်မြို့ဖြစ်လာရန်မှာ ပြည်ထောင်စုအစိုးရအတွက်လည်း အလွန်အရေးကြီးပါသည်။ ယခုမြို့သစ်စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရာနှုန်းပြည့်ကြီးကြပ်အကောင်အထည်ဖော်မည်ဖြစ်သည့်အတွက် ယခင်ခေတ်က မြို့သစ်များထက် များစွာသာလွန်မည်ဟု ယူဆနိုင်ပေသည်။ မြို့သစ်တည်ဆောက်ခြင်းအားဖြင့် ကျူးကျော်ပြဿနာ၊ အလုပ်လက်မဲ့ပြဿနာ၊ လမ်းပိတ်ဆို့မှုပြဿနာနှင့် မြေယာဈေးကြီးမှုပြဿနာများ လျော့ပါးသက်သာစေမည်ဟု ယူဆပါကြောင်း တင်ပြရပါသည်။ ။

## မှူခင်းအသိပညာပေးဟောပြော

နေပြည်တော် ဇူလိုင် ၁၄

ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သက်ဆွေနှင့်အဖွဲ့သည် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေးအတွက် ပြည်စံအောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ရပ်ကွက်သူ၊ ရပ်ကွက်သား ၇၀ ကျော်အား မှူခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# မြန်မာ့စီးပွားရေးဘဏ် Automated Teller Machine (ATM) စနစ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

**မြန်မာ့စီးပွားရေးဘဏ်သည် Myanmar Payment Union ( MPU)အဖွဲ့ဝင်ဘဏ်အဖြစ် ပါဝင်လျက်ရှိပြီး ဘဏ်နှင့်ဆက်သွယ်သူ Customer များအနေဖြင့် ငွေသားကိုင်ဆောင်ရခြင်းမှ ကင်းဝေးစေရုံသာမက လုံခြုံစိတ်ချရသည့် ဘဏ်ဝန်ဆောင်မှုအသစ်အဖြစ် မြန်မာ့စီးပွားရေးဘဏ် ATM ကတ်အသုံးပြု၍ မိမိတို့ကြိုက်နှစ်သက်ရာ မြန်မာ့စီးပွားရေးဘဏ် ATM စက်များနှင့် MPU အဖွဲ့ဝင်ဘဏ် ATM စက်များ၌ လွယ်ကူလျင်မြန်စွာ ငွေသားထုတ်ယူနိုင်သည့်အပြင် အရာထမ်းဝန်ထမ်းလစာနှင့် အငြိမ်းစားလစာများကို Standing Instruction ပေးထားခြင်းဖြင့် လစာထုတ်ယူနိုင်သည့် ATM စနစ်ကို အောက်ဖော်ပြပါ မြန်မာ့စီးပွားရေးဘဏ်ခွဲ ၅၀ ဘဏ်တွင် ATM စက် ၆၅ လုံးဖြင့် ဝန်ဆောင်မှုပေးဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်-**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | နေပြည်တော် | ၁၄။ | သန်လျင် | ၂၇။ | ပုသိမ် | ၄၀။ | တောင်ကြီး |
| ၂။ | ပျဉ်းမနား | ၁၅။ | မြောက်ဥက္ကလာပ | ၂၈။ | မအူပင် | ၄၁။ | ကျိုင်းတုံ |
| ၃။ | ရန်ကုန်(၁) | ၁၆။ | မန္တလေး(၁) | ၂၉။ | ဟင်္သာတ | ၄၂။ | လားရှိုး |
| ၄။ | ရန်ကုန်(၂) | ၁၇။ | မန္တလေး(၂) | ၃၀။ | ပခုက္ကူ | ၄၃။ | တာချီလိတ် |
| ၅။ | ရန်ကုန်(၃) | ၁၈။ | မန္တလေး(၃) | ၃၁။ | မကွေး | ၄၄။ | မူဆယ် |
| ၆။ | ရန်ကုန်(၄) | ၁၉။ | မိတ္ထီလာ | ၃၂။ | စစ်ကိုင်း | ၄၅။ | စစ်တွေ |
| ၇။ | ရန်ကုန်(၅) | ၂၀။ | မြင်းခြံ | ၃၃။ | ရွှေဘို | ၄၆။ | မြိတ် |
| ၈။ | ရန်ကုန်(၆) | ၂၁။ | ကျောက်ဆည် | ၃၄။ | မုံရွာ | ၄၇။ | ထားဝယ် |
| ၉။ | ငွေစု(၃)ရန်ကုန် | ၂၂။ | ညောင်ဦး | ၃၅။ | မြဝတီ | ၄၈။ | ဖန်းမော် |
| ၁၀။ | ငွေစု(၄)ရန်ကုန် | ၂၃။ | ရမည်းသင်း | ၃၆။ | ဘားအံ | ၄၉။ | မြစ်ကြီးနား |
| ၁၁။ | သဃ်္ဃန်းကျွန်း | ၂၄။ | ပဲခူး | ၃၇။ | သထုံ | ၅၀။ | ငွေစု(၁) ရန်ကုန် |
| ၁၂။ | ကြည့်မြင်တိုင် | ၂၅။ | တောင်ငူ | ၃၈။ | မော်လမြိုင်(၁) | | |
| ၁၃။ | တာမွေ | ၂၆။ | ပြည် | ၃၉။ | မော်လမြိုင်(၂) | | |

**မြန်မာ့စီးပွားရေးဘဏ်**

## ရှေးဦးသူနာပြုစုနည်း(အခြေခံ)သင်တန်းဆင်း

**နေပြည်တော် ဇူလိုင် ၁၄**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ ရှေးဦးသူနာပြုစုနည်း(အခြေခံ)သင်တန်းအမှတ်စဉ် (၁/၂၀၁၇)ကို ဇူလိုင် ၁၀ ရက်မှ ၁၄ ရက်အထိ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ သင်တန်းခန်းမ၌ ဖွင့်လှစ်ပေးခဲ့သည်။ သင်တန်းတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ နည်းပြဆရာများနှင့် ပူးပေါင်း၍ ခရီးသွားပြည်သူများ အမြန်လမ်းမကြီးပေါ် ယာဉ်မတော်တဆထိခိုက်မှုများကြုံတွေ့ပါက ဒဏ်ရာရသူများကို ရှေးဦးသူနာပြုစုခြင်းဖြင့် ကူညီဆောင်ရွက်နိုင်ရန် အမြန်လမ်းမကြီးရဲစခန်း ၁၆ ခုမှ တပ်ဖွဲ့ဝင် ၂၀ အား လေ့ကျင့်သင်ကြားပို့ချပေးခဲ့သည်။ အဆိုပါသင်တန်းကို ယနေ့ညနေ ၃ နာရီတွင် ကျင်းပရာ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဒုတိယတပ်ဖွဲ့မှူး ဒုရဲမှူးကြီးကျော်စိုးဝင်းက သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။

**ကိုမျိုး(ရွှေပေါက်ကံ)**





## စခန်းမှူး လုပ်ငန်းခွင်သင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏနယ်မြေရဲစခန်း ဓမ္မာရုံ၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်အစီအစဉ်ဖြင့် ဖွင့်လှစ်ပို့ချသော စခန်းမှူးလုပ်ငန်းခွင် (မွမ်းမံ) သင်တန်းအမှတ်စဉ် (၂/၂၀၁၇ )သင်တန်းဆင်းပွဲကို ဇူလိုင် ၁၄ ရက်က ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ကျော်စိုးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နည်းပြများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၄-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၅၅၃ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ ・ ၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ・ ၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၀၇ |
| တရုတ် | တစ်ယွမ် | ၂၀၀ ・ ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ ・ ၈၅ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# တူပြိုင်ပြိုင်လုပ်ကိုင်ကြပါစို့

ကမ္ဘာ့ဇာတ်ခုံကြီးမှ ကမ္ဘာ့တေးသံလိုက်၍ ကနိုင်တဲ့ ဗမာပြည်ကြီးဖြစ်အောင် ဖန်တီးပြုပြင်ကြစို့။ ဗမာပြည်ကြီးကို လွတ်လပ်ပြီး တိုးတက်ထွန်းကားတဲ့ တိုင်းပြည်ဖြစ်အောင် ကြံဆောင်ကြိုးစားကြစို့။ ယခုလက်ဝယ်ရှိတဲ့ လုပ်ငန်းတာဝန်အလိုက် ကျွန်တော်တို့ အလုပ်လုပ်ကြစို့။ ကျွန်တော်တို့အားလုံး စစ်သားရော၊ နိုင်ငံရေးသမား ရော၊ စာရေးဆရာရော၊ သတင်းစာဆရာရော၊ ဗမာတစ်မျိုးသားလုံး ယခုပြောတဲ့အတိုင်း ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင်လုပ်ကိုင်ကြပါစို့။

(၁၉၄၇ ခုနှစ် အိုးဝေမဂ္ဂဇင်းတွင် ပဲခူးကျောင်းဆောင်သား ဗိုလ်ချုပ်အောင်ဆန်း၏ အာဘော်နှင့် အောင်မြင်ဆန်းသစ်သော အတွေးအခေါ်များမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း မြန်မာနိုင်ငံရုံးအကြီးအကဲအဖြစ် အသစ်ခန့်အပ်ခြင်းခံရသူ၏ ခန့်အပ်လွှာအား လက်ခံ

**နေပြည်တော် ဇူလိုင် ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration-IOM)၏ မြန်မာနိုင်ငံရုံး အကြီးအကဲအဖြစ် အသစ်ခန့်အပ်ခြင်းခံရသူ Mr. Akio Nakayama သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်သည်။

ထိုသို့ ခန့်အပ်လွှာပေးအပ်စဉ် ရွှေ့ပြောင်းသွားလာမှုကိစ္စ၊ နည်းပညာ အကူအညီပေးရေး ကိစ္စအပါအဝင် မြန်မာနိုင်ငံနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတို့အကြား လက်ရှိနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ မြန်မာနိုင်ငံရုံးအကြီးအကဲအဖြစ် အသစ်ခန့်အပ်ခြင်းခံရသူ **Mr. Akio Nakayama** တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

# Y-8 လေယာဉ် ပျက်ကျရာတွင် ပါဝင်သွားခဲ့သော အရာရှိ/စစ်သည်များ၊ မိသားစုဝင်များအတွက် ထောက်ပံ့



**နေပြည်တော် ဇူလိုင် ၁၄**

၂၀၁၇ ခုနှစ် ဇွန် ၇ ရက် မွန်းလွဲပိုင်းက မြိတ်မှ ရန်ကုန်သို့ ထွက်ခွာပျံသန်းစဉ် ပျက်ကျခဲ့သော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုများနှင့် လေယာဉ် အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၃၀ အား မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေဝေသာက ယနေ့ မွန်းလွဲ ၃ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံရယူခဲ့သည်။ **(ဝဲပုံ) (သတင်းစဉ်)**



**ဇူလိုင် ၁၄ ရက်က ပြင်သစ်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညစာခံပွဲကို ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါ်စန်းစန်းယုတို့အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး Mr. Olivier Richard ကြိုဆိုနှုတ်ဆက်စဉ်** (သတင်းစဉ်)

# ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာ ပံ့ပိုးပစ္စည်းပေးအပ်

**ဘောလခဲ ဇူလိုင် ၁၄**

ကယားပြည်နယ် ဘောလခဲခရိုင် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ (Integrated High Technology Demonstration Village)ဖြစ်သော မိုင်းထမ်းကျေးရွာသို့ ပံ့ပိုးပစ္စည်းများပေးအပ်ပွဲကို ဇူလိုင် ၁၃ ရက် ညနေပိုင်းက အဆိုပါစံပြကျေးရွာ တောင်သူဒေါ်စန်းစန်းအေး၏ နမူနာစံပြစိုက်ခင်း၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်လွင်ဦး၊ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးခန့်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများ၊ စံပြကျေးရွာမှ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

တစ်ခရိုင်တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ ဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍ မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးရေး၊ ကောင်းမွန်သောစိုက်ပျိုးရေးနည်းစနစ် (GAP) စိုက်ပျိုးရေး၊ အစားအစာလုံခြုံစိတ်ချရရေးတို့နှင့်ပတ်သက်၍ တာဝန်ရှိသူများက ဆွေးနွေးပြီး တောင်သူလယ်သမားများ၏တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ ပိုးသတ်ဆေးစနစ်တကျ သုံးစွဲနိုင်ရေးအတွက် လိုအပ်သောပံ့ပိုးပစ္စည်း အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

ရှေ့ဖုံးမှ

ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ စေတနာရှင် အလှူရှင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရဘဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဆိုင်းဘုတ်အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့နှင့် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်နှင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့နှင့် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်တို့က အခြေခံပညာ အလယ်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်၊ ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ကျောင်းအဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဇယန္တော ဗောဓိယာမူလေ အစချီသော အောင်ဂါထာဖြင့် ဖွင့်လှစ်ပြီး တက်ရောက်လာသည့် ဒုတိယသမ္မတနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့နိုင်ငံတော်အစိုးရ၏ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိရာ ပညာရေးကဏ္ဍကို အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အထူးအရေးကြီးပါကြောင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ ဘက်စုံကဏ္ဍစုံလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ယခုလို အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်လိုက်သည့်အတွက် တိုင်းပြည်နှင့် လူမျိုးအတွက် အမှန်တကယ်အားထားရမည့် ဘက်စုံထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းသမီးကောင်းများ မွေးထုတ်ပေးနိုင်ကြပါစေဟု ဆုတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အလယ်တန်းအဆင့် တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ရခြင်းအတွက် ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် စေတနာရှင် အလှူရှင်များထံ ကျောင်းသူလေးများက ကျောင်းဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များကို ပေးအပ်သည်။

ထို့နောက် ရဘဲကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ပဓာန နာယကဆရာတော်က ငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယုံးမူနှင့်ဇနီးတို့က ငွေကျပ်သိန်း ၅၀၀၊ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ် သိန်း ၅၀ နှင့် စေတနာရှင် အလှူရှင်များက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ရပ်မိရပ်ဖ ဦးကျောက်ခဲတို့ထံ ပေးအပ်လှူဒါန်းကြပြီး ဒုတိယသမ္မတနှင့်ဇနီးနှင့် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်မိန့်ကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီဆင်မင်းကျောင်း ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)




ဒုတိယသမ္မတ ဦးမြင့်ဆွေ အလှူရှင်များ လှူဒါန်းသော အလှူငွေများကို လက်ခံစဉ်

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ရွှေပုံတောင်ဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၄**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မကွေးတိုင်းဒေသကြီး ချောက်မြို့ရှိ ရွှေပုံတောင်ဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၃ ရက် ညနေပိုင်းက မော်တော်ယာဉ်များဖြင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ ရွှေပုံတောင်ဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ဦးစီးဌာန၏ ရည်မှန်းချက်၊ အဓိကလုပ်ငန်းတာဝန်များ၊ စိုက်ခင်းတည်ထောင်ခြင်း၊ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းလျာထားမှု၊ ဘဏ္ဍာနှစ်အလိုက် သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းလျာထားမှု၊ ထင်းလောင်စာသုံးစွဲမှု အခြေအနေ၊ ထင်းအစား အခြားလောင်စာများတိုးမြှင့်သုံးစွဲရေး ဆောင်ရွက်နေမှု၊ ရေရရှိရေးဆောင်ရွက်ထားရှိမှု၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ လေးခရိုင်၊ မကွေးတိုင်းဒေသကြီးမှ လေးခရိုင်၊ မန္တလေးတိုင်းဒေသကြီးမှ ငါးခရိုင် စုစုပေါင်း ၁၃ ခရိုင်မှ သစ်တောဖုံးလွှမ်းမှု အနည်းဆုံးဒေသများကို အထူးဦးစားပေး၍ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒေသအတွင်း ထင်းအစား အခြားလောင်စာသုံးစွဲမှုမြှင့်တင်ရန်နှင့် ထင်းအစားထိုးလောင်စာများ ပိုမိုထုတ်လုပ်ရန် လိုအပ်ပါကြောင်း။

ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းများကို ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ကြရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို ဒေသခံပြည်သူများ ယခုထက်ပိုမိုသိရှိနားလည်အောင် အသိပညာပေးဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် စီမံကိန်းရုံးရပ်မှနေ၍ ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးဧရိယာတစ်ခွင် သစ်ပင်များ စိုက်ပျိုးရှင်သန်ဖြစ်ထွန်းနေမှု အခြေအနေနှင့် ရေဝတီမြစ်ရေစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုပြီး ရွှေပုံတောင် အမြဲတမ်းပျိုးဥယျာဉ်သို့ သွားရောက်၍ ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ ထိန်းသိမ်းထားရှိမှုအခြေအနေများနှင့် မြစ်ရေတင် လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးနယ်မြေသည် ဧရိယာ ၁၂၃၇၉ ဧကကျယ်ဝန်းပြီး မကွေးတိုင်းဒေသကြီး မကွေးခရိုင် ချောက်မြို့နယ်မှ မြောက်ဘက် တစ်မိုင်ခန့်အကွာ ချောက်-ညောင်ဦး မော်တော်ကားလမ်းနံဘေး ရေဝတီမြစ်အရှေ့ဘက်ကမ်း၌ တည်ရှိသည်။

ရွှေပုံတောင်ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းနှင့် မြစ်ရေတင် သွယ်တန်းနိုင်သည့် နေရာများတွင် တမာပင်ပေါင်း ၂၈၂၁၁၈ ပင်ကို အဓိကစိုက်ပျိုးထား၍ အရိပ်ရ လေကာပင်များဖြစ်သည့် ကျွန်း၊ ယင်းမာ၊ ဖျောက်ဆိပ်၊ ကုက္ကိုစသည့် အပင်စုစုပေါင်း ၂၂၀၀ စိုက်ပျိုးထားရှိသည့်အပြင် တောင်ထိပ်ပိုင်း၌ ညောင်၊ ယူကလစ်၊ ဒဟတ်၊ ဘောစကိုင်း၊ ကန္တာစိမ်း၊ မန်ဂျန်ရှား စသည့်သစ်မျိုးများ အပင် ၄၄၀၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်

■ ကျောဖုံးမှ

မြန်မာအသင်းသည် ဩစတြေးလျအသင်းနှင့်ပွဲတွင် အမှတ်ဆုံးရှုံးခဲ့ပါက နောက်ဆုံးပွဲအထိ အဆုံးအဖြတ်ခံယူရမည်ဖြစ်သည်။ စတုတ္ထနေ့ပွဲစဉ်များအဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် ဩစတြေးလျအသင်း၊ အင်ဒိုနီးရှားအသင်းနှင့် လာအိုအသင်း၊ ညနေ ၆ နာရီတွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းသည် အဖွင့်ပွဲတွင် အင်ဒိုနီးရှားအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့ပြီး လာအိုအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ မြန်မာအသင်းသည် လက်ကျန်ပွဲများအဖြစ် ဇူလိုင် ၁၅ ရက်တွင် ဩစတြေးလျအသင်း၊ ဇူလိုင် ၁၇ ရက်တွင် ထိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

▲ ကျောဖုံးမှ

မြန်မာ့ရိုးရာလက်ဝှေ့အိမ်ရှင်ကိုယ်စားပြု ယှဉ်ပြိုင်ထိုးသတ်မည့် ဖျံသွေးသည် ဝိတ်တန်းအားဖြင့် ၇၀ ကီလိုတန်းရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲစဉ် ၃၅ ပွဲတွင် ၂၇ ပွဲနိုင်၊ သရေရှစ်ပွဲ ပိုင်ဆိုင်ထားသော ပထမတန်း ရိုးရာလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ပင့်၊ ထောက်နှင့် ဝိုက်လက်သီး၊ ဖြောင့်လက်သီးတို့ကို ပါဝါအပြည့်ဖြင့် ရဲရဲတင်းတင်း ယှဉ်ပြိုင်ထိုးသတ်လေ့ရှိပြီး အောက်ခြေကန်ချက်ပိုင်းတွင်လည်း သူမတူ ပြည်တွင်းရိုးရာလက်ဝှေ့ကျော်တစ်ဦးဖြစ်ကာ အိကျူုစံနှင့်ယှဉ်လျှင် သမ္ဘာအရ နုနယ်သေးသော်လည်း ပါဝါပိုင်းဆိုင်ရာတွင် လိုအပ်မှုမရှိလေ့ကျင့်ထားသော ကစားသမားတစ်ဦးဖြစ်သည်။

“မွေ့ထိုင်းလက်ဝှေ့ကျော်တွေနဲ့ ယှဉ်ပြိုင်ထိုးသတ်တဲ့အခါမှာ လျင်မြန်သွက်လက်မှုပိုင်းဆိုင်ရာ အားသာသလို တံတောင်ရိုက်ချက်နဲ့ အနိုင်ယူတာတွေကလည်း ခုနောက်ပိုင်း ပိုများလာပါတယ်။ အတတ်နိုင်ဆုံးတော့ ပြည်တွင်းရိုးရာလက်ဝှေ့ပရိသတ်တွေရှေ့မှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားယှဉ်ပြိုင်သွားမှာပါ”ဟု မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ထိုးသတ်မည့် ဖျံသွေးက ပြောသည်။

ယခု နဝမအကြိမ်မြောက် ကျင်းပမည့် ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲကြီး ၂၀၁၇ တွင် ဝိတ်တန်း ခုနစ်တန်းထည့်သွင်းထားပြီး ပြည်တွင်းကစားသမား စုစုပေါင်း ၅၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကွာတားဖိုင်နယ်ပွဲစဉ်များ၊ ဇူလိုင် ၂၃ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များနှင့် နောက်ဆုံးဗိုလ်လုပွဲများကို ဇူလိုင် ၃၀ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။ လက်မှတ်ခဈေးနှုန်းများကို လူလတ်တန်းစားမရွေးအားပေးနိုင်ရန် အနည်းဆုံးငွေကျပ် ၅၀၀၀ မှ ၇၀၀၀၀ အထိ အတန်းလိုက် အသီးသီးသတ်မှတ်ထားကာ ကြိုတင်လက်မှတ်များ ဝယ်ယူလိုပါက ဖုန်း-၀၉-၇၃၀၀၉၆၈၆ နှင့် ၀၉- ၇၉၆၂၅၂၄၄ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ညွှန်ကြားလွှာများကို လိုက်နာခြင်းမရှိပါက မလွဲမရှောင်သာဘဲ အာဏာစက်ဖြင့် အရေးယူဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၁၄

**မြန်မာပြည်တစ်ဝန်းရှိ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မ.ဘ.သ) ဆိုင်းဘုတ်များကို ဇူလိုင် ၁၅ ရက် နောက်ဆုံးထား၍ အပြီးအပိုင်ဖြုတ်သိမ်းရန် အချက်အပါအဝင် ဆုံးဖြတ်ချက်များကို လိုက်နာခြင်းမရှိပါက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဂုဏ်သိက္ခာနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေနိုင်သဖြင့် မလွဲမရှောင်သာဘဲ အာဏာစက်ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**

ယင်းကိစ္စနှင့် ပတ်သက်၍ -

အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မ.ဘ.သ)၊ (၉၆၉) သာသနပါလက ဂဏဝါစကအဖွဲ့၊ သံဃာ့ကွန်ရက်အဖွဲ့၊ မျိုးချစ်ရဟန်းတော်များ သမဂ္ဂအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်နေခြင်းများနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၁၅ရက်က ကျင်းပသည့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇) ပါးစုံညီ ဒုတိယအစည်းအဝေးက "သံ/စည်းအခြေခံစည်းမျဉ်း အခန်း (၂)အပိုဒ် ၄၊ ၅၊ ၈၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေအခန်း(၂) အပိုဒ် ၃၊ ၅၊ အခန်း(၃) အပိုဒ် ၈၊ ၉ ညွှန်ကြားလွှာအမှတ် (၈၁)တို့အရ ဖွဲ့စည်းခွင့်မရှိကြောင်း" ဆုံးဖြတ်ခဲ့ပါသည်။

မ.ဘ.သအဖွဲ့နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၄ ရက်နေ့က သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ကောဒသမအစည်းအဝေးတွင် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ (မ.ဘ.သ)သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းတို့နှင့်လည်းကောင်း ညီညွတ်ခြင်းမရှိသောကြောင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းမဟုတ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။


ထိုကဲ့သို့ တရားမဝင်သည့် သံဃာ့အဖွဲ့အစည်းမျိုးစုံ ပေါ်ပေါက်လာခြင်းသည် ဘာသာရေးနှင့်လူမျိုးရေးဆိုင်ရာအယူအဆများ ကွဲပြားလာနိုင်ပြီး မလိုလားအပ်သောပဋိပက္ခများလည်း ဖြစ်ပွားလာနိုင်ကြောင်း သိရသည်။


ထို့ကြောင့် ၂၀၁၇ ခုနှစ်၊ မေ ၂၃ ရက်က ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ပဉ္စမအထူးအစည်းအဝေးတွင် "မ.ဘ.သ အမည်ခံပုဂ္ဂိုလ်များသည် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မ.ဘ.သ အမည်ကိုသုံးစွဲလျက် မည်သည့်အမှုကိစ္စမျိုးကိုမျှ ဆောင်ရွက်ခြင်းမပြုရန်၊ မြန်မာပြည်အနှံ့ရှိ မ.ဘ.သအဖွဲ့ ဆိုင်းဘုတ်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၅ ရက်တွင် နောက်ဆုံးထား၍ အပြီးအပိုင်ဖြုတ်သိမ်းရန်၊ ဆုံးဖြတ်ချက်များကို လိုက်နာခြင်းမရှိပါက ရဟန်းဖြစ်လျှင် သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ ၂၀/၉၀ ဖြင့် အရေးယူရန်နှင့် လူပုဂ္ဂိုလ်ဖြစ်လျှင် တည်ဆဲဥပဒေများဖြင့်အရေးယူရန်" ဆုံးဖြတ်ခဲ့ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်များကို မ.ဘ.သ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် ဒုတိယဥက္ကဋ္ဌဆရာတော်တို့က "တိကျစွာလိုက်နာမည်ဖြစ်ကြောင်းနှင့် မ.ဘ.သအဖွဲ့ဝင် ဆရာတော်များအား အသိပေးပြောကြားပေးမည်ဖြစ်ကြောင်း" နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးပါဝင်သည့် မဟာနာယကဆရာတော်ကြီးများ၏ ရှေ့မှောက်၌ ၂၀၁၇ ခုနှစ်၊ မေ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ဝန်ခံကတိပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

ယင်းသို့ ဝန်ခံကတိပြုခဲ့သည့်အတိုင်း နိုင်ငံတစ်ဝန်းရှိ မ.ဘ.သအဖွဲ့များက လိုက်နာဆောင်ရွက်ခဲ့သော်လည်း ကရင်ပြည်နယ်၊ ဘားအံမြို့နှင့် မန္တလေးမြို့ရှိ မ.ဘ.သအဖွဲ့များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် လိုက်နာရန်ပျက်ကွက်လျက်ရှိကြောင်း။

နိုင်ငံတစ်ဝန်းမှ ဆရာတော်ကြီးများနှင့် ရဟန်းသံဃာအများစုအနေဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ထားသည့်ဆုံးဖြတ်ချက်နှင့် ညွှန်ကြားလွှာများသည် ဓမ္မစက်အဖြစ်တည်ရှိသင့်သည်ဟု လက်ခံတော်မူကြကြောင်း။





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်ညွှန်ကြားလွှာများကို လိုက်နာခြင်းမပြုပါက လိုအပ်သလိုအရေးယူပေးနိုင်ပါရန် သံဃာအများစုက လိုလားသကဲ့သို့ ပြည်သူအများစုကလည်းအလားတူတောင်းဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါအခြေအနေများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးက သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသည့် ဆရာတော်များထံသို့ လျှောက်ထားခဲ့ရာ ဖားအောက်တောရဆရာတော်နှင့် တိပိဋကယောဆရာတော်တို့က သံဃာထုထံ ပန်ကြားလွှာများ ရေးသားထုတ်ပြန်လျှောက်ထားတော်မူခဲ့ကြပါသည်။ **(ဆရာတော်များ၏ ပန်ကြားလွှာများကို သီးခြားဖော်ပြထားပါသည်)**

သံဃာ့အဖွဲ့အစည်းအသီးသီးကွဲပြားသွားပါက မလိုလားအပ်သော ဆိုးကျိုးများ သက်ရောက်လာနိုင်မည်ဖြစ်ကြောင်း၊ သံဃာတော်များညီညွတ်မှ ဒါယကာများလည်း ညီညွတ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာတော်များက သံဃာထုထံ သံဃာညီညွတ်ရေးကိုရှေးရှု၍ ပန်ကြားလွှာများ ရေးသားပေးတော်မူကြခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အဆင့်အမြင့်ဆုံးသံဃာ့အဖွဲ့အစည်းကြီးဖြစ်သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေနှင့် ဆုံးဖြတ်ချက်များကို လိုက်နာခြင်းမရှိပါက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဂုဏ်သိက္ခာနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေနိုင်ခြင်းတို့ကြောင့် မလွဲမရှောင်သာဘဲ အာဏာစက်ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရမ်းဗြဲမြို့နယ် ကယ်ဆယ်ရေးစခန်းမှ ပြောင်းရွှေ့သွားကြသည့် ကမန်တိုင်းရင်းသားများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဦးဆောင်သော ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသည် ကယ်ဆယ်ရေးစခန်းများရှိ ကမန်တိုင်းရင်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**



ထိုသို့ ဆောင်ရွက်ရာတွင် ရမ်းဗြဲမြို့ အမှတ်(၆)ရပ်ကွက် တန်းရှာ IDP စခန်း၌ နေထိုင်ခဲ့ပြီး ယခုနှစ် ဧပြီ၊ မေနှင့် ဇွန်လများအတွင်း ၎င်းတို့၏ သဘောဆန္ဒအလျောက် တရားဝင်တင်ပြ၍ ရန်ကုန်မြို့နှင့် သံတွဲမြို့များသို့ မြေယာစွန့်လွှတ်ပြောင်းရွှေ့သွားသော ကမန်တိုင်းရင်းသားမိသားစုများ အဆင်ပြေစွာပြောင်းရွှေ့နိုင်ရေးနှင့် ပြောင်းရွှေ့မည့်ဒေသတွင် အခြေချနေထိုင်နိုင်ရေးအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးသိန်း၊ မိသားစုဝင်တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းအပါအဝင်ပြောင်းရွှေ့မှုအတွက် ကုန်ကျငွေ စုစုပေါင်း ငွေကျပ် ၄၅၂ ဒသမ ၇၅ သိန်းကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ၂၀၁၂ခုနှစ်က ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအတွင်း ၎င်းပြောင်းရွှေ့မိသားစုများ ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်နှင့် မြေလျော်ကြေးများအား သင့်တင့်သောနှုန်းထားများဖြင့် ထောက်ပံ့နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ မြေယာစွန့်လွှတ် ပြောင်းရွှေ့နေအိမ် ၄၅ လုံးအတွက် မြေတန်ဖိုး ငွေကျပ် ၁၀ သိန်းစီဖြင့် ငွေကျပ်သိန်း ၄၅၀၊ အမျိုးအစားအလိုက် နေအိမ် ၄၅ လုံးအတွက် ငွေကျပ် ၃၄၅ သိန်း၊ စုစုပေါင်းမြေနှင့် အိမ်တန်ဖိုး လျော်ကြေးငွေထောက်ပံ့မှု ငွေကျပ် ၇၉၅ သိန်းကို ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ရန်ကုန်မြို့၌ ကမန်တိုင်းရင်းသားမိသားစုများနှင့် တွေ့ဆုံထောက်ပံ့ပေးခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)



**မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင် ဇူလိုင် ၁၃ ရက်က သထုံမြို့နယ် ဒုံဝန်းကျေးရွာ ရွှေကျောင်းကြီး၌ ဒုံဝန်းကျေးရွာအုပ်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးစဉ်** နန္ဒကျော်စွာ

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၄-** မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

# ဆရာကြီး ဦးရာဇတ်

ညီညီ B.Sc.(Hons)., Ph.D(London).D.L.C
ဘာသာပြန်သူ မောင်မြင့်ဦး(ညောင်လေးပင်)

**လွန်ခဲ့သောနှစ်ပေါင်း ၆၀၊ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့က လုပ်ကြံမှုကြီးတွင် ကျွန်တော်တို့ချစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်များကို ကျွန်တော်တို့ ဆုံးရှုံးခဲ့ကြရသည်။ ယင်းကြောင့် လွတ်လပ်ရေးပူပူနွေးနွေးရ လာမည့် မြန်မာနိုင်ငံ၏ နယ်ပယ်မျိုးစုံတွင် ပညာဉာဏ် အမြော်အမြင်နှင့် စွမ်းစွမ်းတမံ ဦးဆောင်မှုပေးနိုင်ကြမည့် ခေါင်းဆောင်တစ်စုကို နိုင်ငံကလက်လွတ်ဆုံးရှုံးလိုက်ရသည်။**

ကိုယ်ကျိုးမဖက်သည့် မျိုးချစ်ပုဂ္ဂိုလ်၊ နိုင်ငံ၏အနာဂတ်လိုအင်များကို အမြော်အမြင်ရှိသူ၊ ကျောင်းဆရာဘဝတွင် နှစ်မြှုပ်လုပ်ကိုင်ခဲ့သူ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အဆုံးစွန်စွန့်လွှတ်အနစ်နာခံသွားသူ ဆရာကြီးဦးရာဇတ် ကြေကွဲဖွယ်ဆုံးပါးခဲ့ရသည့်အကြောင်း ၊ ဘဝတူပညာရေးနယ်ပယ်သားချင်းအနေဖြင့်ကျွန်တော်ရေးသားလိုပါသည်။ မန္တလေးမြို့၏ ဗဟိုအမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ကြီးအနေဖြင့် ကျောင်းသားမျိုးဆက်ပေါင်းများစွာကို မျိုးချစ်များဖြစ်အောင်၊ မြန်မာလူမျိုးဖြစ်ရသည်ကို နှစ်သက်မြတ်နိုးတန်ဖိုးထားပြီး ဂုဏ်ယူတတ်သူများဖြစ်အောင်နှင့် သူတို့အသီးသီးသင်ယူလေ့လာသည့် ဘာသာရပ်နယ်ပယ်တွင် နှံ့စပ်ကျွမ်းကျင်ထူးချွန်သူများဖြစ်အောင် ဆရာကြီးက လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်။ နိုင်ငံလုံးဆိုင်ရာနှင့် ဒေသန္တရခေါင်းဆောင်များ (ဝန်ကြီးအများအပြားအပါအဝင်)၊ အရပ်ဘက်နှင့်စစ်ဘက်ခေါင်းဆောင်များ၊ သံတမန်များ၊ သိပ္ပံပညာရှင်များ ၊ အားကစားသမားများ၊ အနုပညာရှင်များ၊ စာရေးဆရာများနှင့် သတင်းစာဆရာများ အရေအတွက်အများဆုံး မွေးထုတ်ပေးခဲ့သည်။ မိဘများနှင့် နယ်သူနယ်သားအားလုံးအဖို့မူ ဆရာကြီးသည် မန္တလေးနှင့် အထက်မြန်မာပြည်ရှိ ကျောင်းသား ကျောင်းသူအားလုံးတို့၏ ကျောင်းအုပ်ကြီးပင်ဖြစ်သည်။ သူကိုယ်တိုင်ပါဝင်ခဲ့သည့် ဖက်ဆစ်တော်လှန်ရေးကာလအတွင်း သူ့ကို မန္တလေးတိုင်း ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ (ဖတဖ)နှင့် နောင်တွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ဖဆပလ)၏ ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

အနောက်တိုင်းစာရေးဆရာအချို့က ဆရာကြီးကို မွတ်စလင်နိုင်ငံရေးသမားဟု ရေးသားပြောဆိုကြသည်။ ဆရာကြီးသည် မွတ်စလင်တစ်ယောက်ဖြစ်သည်မှန်သော်လည်း သူ့ကိုအစ္စလာမ်ဘာသာ ယုံကြည်ကိုးကွယ်သူ အမျိုးသားခေါင်းဆောင်၊ တိုင်းဒေသ ခေါင်းဆောင်တစ်ယောက်ဟု ခေါ်ဝေါ်သုံးနှုန်းခြင်းက ပို၍သင့်မြတ်ပေလိမ့်မည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လောကီရေးသန့်သန့် ဝါဒီခေါင်းဆောင်တစ်ယောက်ဖြစ်ပြီး သူ့အစိုးရအဖွဲ့ဝင်များကို အရည်အချင်း၊ တိုင်းဒေသကိုယ်စားပြုမှု အတိုင်းအတာနှင့် အတွေ့အကြုံတို့အပေါ်မူတည်၍ ရွေးချယ်ခဲ့သည်။ ဘာသာရေးကို ပုဂ္ဂလိကယုံကြည်ကိုးကွယ်မှုအဖြစ် ဗိုလ်ချုပ်က သဘောထားသည်။ အမှန်စင်စစ် အထက်မြန်မာပြည် ကိုယ်စားလှယ်အဖြစ် အစိုးရအဖွဲ့တွင် ဆရာကြီး ဦးရာဇတ်ကို ထည့်သွင်းရန် မန္တလေးမှ ဗုဒ္ဓဘာသာသံဃာတော်များက အဆိုပြုခဲ့ကြခြင်းဖြစ်သည်။

ဆရာကြီးသည် လောကီရေးသီးသန့်သမားဖြစ်သော်လည်း လူငယ်များအနေဖြင့် သူတို့၏ဘာသာတရားနှင့် ဘာသာတရား အဆုံးအမများကို ကျင့်ဝတ်တန်ဖိုးအတွက်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှု၏ အစိတ်အပိုင်းအဖြစ်လည်းကောင်း တန်ဖိုးထား လေ့လာသင်ယူရန်လိုအပ်သည်ဟု သဘောထားသူဖြစ်သည်။

နံနက်တိုင်း ကျောင်းစုံညီစုဝေးပွဲ ပြီးသည်နှင့် ကျောင်းစာသင်ခန်းများကို ဆရာကြီး လှည့်လည်စစ်ဆေးသည်။ ဗုဒ္ဓဘာသာဝင်ကျောင်းသားများ ဘုရားရှိခိုးခြင်းနှင့် ဘာသာရေးသင်ခန်းစာသင်ယူခြင်းများ လုပ်မလုပ် သေချာစေရန်ဖြစ်သည်။ စင်စစ် မန္တလေးသည် ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှု၏ ဗဟိုအချက်အချာဖြစ်ပြီး ကျောင်းသားအများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ သူတို့ကို ယဉ်ကျေးမှုဇာစ်မြစ်ကို ပေးရာတွင် ဆရာကြီး၏ ကြီးကြပ်သွန်သင်မှုကို မိဘများနှင့် ကျောင်းသားများကိုယ်တိုင် သူတို့ကြီးပြင်းလာကြသောအခါ အသိအမှတ်ပြု ကြရသည်။

၁၈၉၈ ခုနှစ်တွင် မန္တလေးမြို့၌ မွေးဖွားခဲ့သူ ဦးရာဇတ်ကို မန္တလေးနှင့် အထက်မြန်မာပြည်တွင် 'ဆရာကြီး'ဟု လူသိများသည်။ မိခင်မှာ မိတ္ထီလာသူ မြန်မာဗုဒ္ဓဘာသာဝင် ဒေါ်ငြိမ်းလှဖြစ်ပြီး သူ့ဖခင် မစ္စတာ ရှိတ်ခ် အဗ္ဗဒူရာမန် (ဦးထွန်းဟုလည်းခေါ်သည်)သည် တိုက်ပိုင်အင်စပက်တော်(ရဲမှူး)တစ်ဦးဖြစ်သည်။ ဦးရာဇတ်၏ မွေးချင်းများဖြစ်ကြသည့် ဦးဘကြူ၊ ဦးဘကျော်၊ ဦးဘမူ၊ ဦးဘသန်း၊ ဒေါ်ရန်၊ ဒေါ်သိန်းသိန်းတို့အားလုံးမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ဖခင်ကို ဂုဏ်ပြုသည့်အမည်ကို ခံယူထားခြင်းမှာ ပြဿနာမရှိကြောင်း သူ့ဆရာသမားများက အကြံပေးကြသည့်အတိုင်း နိုင်ငံခြားအမည်ပုံပေါက်သည့် ရာဇတ်အမည်အတိုင်း သူဆက်ထားသည်။


၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်ကောလိပ် (နောင်ရန်ကုန်တက္ကသိုလ်)တွင် ဘီအေအထက်တန်း တက်နေသည့်ကြားက ဘွဲ့ရခါနီးတွင် ၁၉၂၀ တက္ကသိုလ်ကျောင်းသားများသပိတ်တွင် သူပါဝင်ခဲ့လေသည်။ အသစ်ဖွဲ့စည်းသည့် တက္ကသိုလ်မှပြဋ္ဌာန်းသည့် ကန့်သတ်ချက်များလျှော့ချပေးရန် ကျောင်းသားများ၏ တောင်းဆိုမှုကို ပယ်ချလိုက်သောကြောင့် သပိတ်မှောက်ခြင်းဖြစ်သည်။ နိုင်ငံ၏တိုးပွားလာသော လိုအပ်ချက်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ပြင်ဆင်ရန်အတွက် နိုင်ငံတွင် ထိပ်တန်းပညာတတ်များ လိုအပ်သည်ဟု အမျိုးသားခေါင်းဆောင်များက တွေးထင်ကြသော်လည်း အာဏာပိုင်များကမူ လူ့မလိုင်ရေပေါ်ဆီများ ပေါ်ထွန်းရေးနည်းလမ်းဖြင့် ချဉ်းကပ်သည်။ ကျောင်းသားများအားလုံး အဆောင်များတွင် မဖြစ်မနေ နေရမည်ဆိုခြင်းကြောင့် လက်လှမ်းမမီနိုင်သည့် ကုန်ကျစရိတ်အပါအဝင် အခက်အခဲအကျပ်အတည်းများစွာကို ဖန်တီးထားသည်။ ဤသို့ဖြင့် နှစ်စဉ် တက္ကသိုလ်တက်ရောက်နိုင်သည့် ကျောင်းသားဦးရေကို ကန့်သတ်သည်။

တက္ကသိုလ်ကျောင်းသားသပိတ်ပြီးဆုံးပြီးနောက် ပုလိပ်အရာရှိကြီးအဖြစ်ဖြင့် ပုလိပ်အဖွဲ့သို့ ဝင်ရောက်အမှုထမ်းရန် အစိုးရ၏ကမ်းလှမ်းမှုကို ဦးရာဇတ်က ငြင်းပယ်ခဲ့သည်။ ပုလိပ်အဖွဲ့သို့ ဝင်မည့်အစား သူက အမျိုးသားတက္ကသိုလ်တွင် ဘွဲ့ရသည်အထိ ဆက်တက်ခဲ့ပြီး အသစ်ပေါ်ထွန်းလာသည့် အမျိုးသားပညာရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ အမျိုးသားကျောင်းများက ဆရာများကို လစာပင် မှန်မှန်မပေးနိုင်ပေ။ သို့သော် ယင်းလှုပ်ရှားမှုကြောင့် ကျောင်းတက်နိုင်သူ ကျောင်းသားပိုများလာကာ မြန်မာစာလေ့လာသင်ယူမှု ပြန်လည်အားကောင်းလာသည်။

သူက အမျိုးသားတက္ကသိုလ်တွင် ဘွဲ့ရသည်အထိဆက်တက်ခဲ့ပြီး အသစ်ပေါ်ထွန်းလာသည့် အမျိုးသားပညာရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ အမျိုးသားကျောင်းများက ဆရာများကို လစာပင် မှန်မှန်မပေးနိုင်ပေ။ သို့သော် ယင်းလှုပ်ရှားမှုကြောင့် ကျောင်းတက်နိုင်သူ ကျောင်းသားပိုများလာကာ မြန်မာစာလေ့လာသင်ယူမှု ပြန်လည်အားကောင်းလာသည်။ မြန်မာ့ယဉ်ကျေးမှုကိုမြှင့်တင်နိုင်ပြီး ကျောင်းသားအားလုံးကို မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးဝါဒများ သွတ်သွင်းပေးနိုင်ကာ မြန်မာဖြစ်ရသည်ကို တစ်ကျော့ပြန် ဂုဏ်ယူတတ်သူများဖြစ်စေခဲ့

မြန်မာ့ယဉ်ကျေးမှုကို မြှင့်တင်နိုင်ပြီး ကျောင်းသားအားလုံးကို မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးဝါဒများ သွတ်သွင်းပေးနိုင်ကာ မြန်မာဖြစ်ရသည်ကို တစ်ကျော့ပြန် ဂုဏ်ယူတတ်သူများဖြစ်စေခဲ့သည်။ ဦးရာဇတ်သည် မန္တလေးဗဟိုအမျိုးသား အထက်တန်းကျောင်း၏ ကျောင်းအုပ်ကြီးဖြစ်လာသည်။ နိုင်ငံတွင် အကြီးဆုံး အမျိုးသားကျောင်းနှစ်ကျောင်းအနက် တစ်ကျောင်းဖြစ်သည်။

အင်္ဂလိပ်စာနှင့် ဗုဒ္ဓဝါဒ၏ ရှေးဂန္ထဝင်ဘာသာစကားဖြစ်သော ပါဠိဘာသာတို့ကို ဆရာကြီးဦးရာဇတ်က သင်ကြားပို့ချသည်။ ကိုလိုနီခေတ်ကာလအတွင်းနှင့် နိုင်ငံလွတ်လပ်ရေးရပြီးကာလတွင် အင်္ဂလိပ်ဘာသာစကား၏ အရေးပါပုံကိုသိမြင်၍ လည်းကောင်း၊ အမျိုးသားကျောင်းများတွင် အင်္ဂလိပ်စာအားနည်းသည်ဟု နာမည်ကြီးနေသည်ကို ချေပရန်အတွက်လည်းကောင်း ဆရာကြီးက စည်းကမ်းတစ်ခု ချမှတ်ပေးသည်။ မြန်မာစာနှင့် ပါဠိဘာသာသင်ချိန်တို့မှအပ ကျောင်းသားအားလုံးအင်္ဂလိပ်လို ပြောဆိုကြရမည်ဟူသော စည်းကမ်းဖြစ်သည်။ သူ၏ ပါဠိဘာသာတတ်ကျွမ်းမှုက ထူးထူးချွန်ချွန်ဖြစ်လေရာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း အသုံးကျခဲ့သည်။ မင်းကွန်းရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် ဆရာကြီးနှင့်သူ့မိသားစုတို့ စစ်ဘေးရှောင်ခိုလှုံနေစဉ် ထိုကျောင်းတွင် ဗုဒ္ဓစာပေကျမ်းဂန်များ သင်ယူဆည်းပူးနေကြသည့် ကိုရင်ငယ်များ၊ ရဟန်းများကို ဆရာကြီးက



သူတို့သင်အံနေသည်များကို ရှင်းပြနိုင်ခဲ့သည်။

ဆရာကြီးက ဘက်စုံပညာရေးကိုလည်း ယုံကြည်သူဖြစ်သည်။ လူငယ်များ ကာယဗလဖွံ့ဖြိုးရေးကို အားပေးသည်။ သူ့အကြိုက်ဆုံးအားကစားမှာ လက်ဝှေ့ဖြစ်ရာ အနာဂတ်တွင် လက်ဝှေ့အကျော်အမော်ဖြစ်လာမည့် ကျားဘညိမ်းအပါအဝင် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်။ ဆရာကြီးက လက်ဝှေ့ကလပ်အသင်းတစ်ခု တည်ထောင်ပြီး ပညာရှင်နည်းပြတစ်ဦးကိုလည်း ငှားရမ်းကာ လက်ဝှေ့နည်းစနစ်များနှင့် အားကစားသမားပီသရေးတို့ကို စနစ်တကျသင်ကြားစေသည်။ ဆရာကြီး၏ မျှော်မှန်းချက်များထဲမှ တစ်ခုမှာ(ပုလိပ်၊ စစ်သားစသည်တို့ကဲ့သို့သော) တာဝန်ရှိသူပုဂ္ဂိုလ်များကို သူ့တပည့်များက ကြိုးဝိုင်းအတွင်းတိုက်ခိုက်ရန်၊ ယင်းသို့ဖြင့် လိုအပ်သည့်အခါ အာဏာပိုင်များကို ရင်ဆိုင်ရဲသည့်စိတ်ဓာတ် သွတ်သွင်းပေးရန်နှင့် တရားမျှတသည့် ထိုးသတ်တိုက်ခိုက်ပွဲ အလေ့အကျင့်ရရန် တပည့်များကို လေ့ကျင့်ပေးရေးဖြစ်သည်။ ဆရာကြီးက 'ရဲတပ်'ကိုလည်း ဖွဲ့စည်းခဲ့သည်။ အနာဂတ်တွင် နိုင်ငံ့လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ရန် ပြင်ဆင်သည့်အနေဖြင့် စစ်ဘက်ဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် ဖွဲ့ထားသည့် အပျော်တမ်းတပ်ဖွဲ့ဖြစ်သည်။ စစ်ဝတ်စုံဝတ်လျက် သူ့တပ်ဖွဲ့များကို ဦးဆောင်၍ စစ်ရေးပြချီတက်ပုံကို မြင်ရသည်မှာ စိတ်တက်ကြွဖွယ် ကောင်းသည်။ နောက်ပိုင်း ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)၊ ဗမာ အမျိုးသားတပ်မတော် (ဘီအင်န်အေ) အဆင့်ဆင့်တို့တွင် ဆရာကြီး၏တပည့်များ အဓိကပါဝင်လာကြသည်ကို တွေ့ရသည်။ အထက် မြန်မာပြည် နေရာဒေသအနှံ့အပြားတွင် ဂျပန်ကိုတော်လှန်ခဲ့ရာ၌လည်း ဆရာကြီး၏တပည့်များက ဦးဆောင်ခဲ့ကြသည်။

သက်တမ်းတိုတောင်းသော ပညာရေးဝန်ကြီးအဖြစ်နှင့် ဆရာကြီး ဦးရာဇတ်၏ အဓိက စွမ်းဆောင်မှုတစ်ခုမှာ အနာဂတ်တွင် မန္တလေး၌ တက္ကသိုလ်တစ်ခုတည်ထောင်ရေးအတွက် အခြေခံများချမှတ်ပေးပြီး လုပ်ငန်းစဉ်ကို စတင်ပေးခဲ့ခြင်းဖြစ်သည်။ အကယ်၍ လုပ်ငန်းစဉ်များအားလုံးမပြီးသေးသည့်တိုင် မဆိုင်းမတွဘဲ မန္တလေးတွင် အထက်တန်းပညာ (တက္ကသိုလ်ပညာ)သင်ကြားရေးကိုစတင်ရန် စီမံကိန်းကို နောင်တွင် မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိဖြစ်လာမည့် ဦးကိုလေးကို ဆရာကြီးက လွှဲအပ်တာဝန်ပေးခဲ့သည်။ 'အကောင်းဆုံးသည် အကောင်း၏ ရန်ဘက်မဖြစ်စေရ' ဟူသောမူကို ဆရာကြီး ချမှတ်ကျင့်သုံးသည်။ ဆရာကြီး ဦးရာဇတ်နှင့် ဆရာကြီး ဦးကိုလေးတို့သည် အထက်မြန်မာပြည်အတွက် ပထမဆုံးတက္ကသိုလ်၏ ဗိသုကာနှစ်ဦးဖြစ်ကြသည်။ အမျိုးသားယဉ်ကျေးမှု၏ ဗဟိုချက်ဖြစ်သော မန္တလေးတွင် အခြေစိုက်သည့် ယင်းတက္ကသိုလ်ကြောင့် နိုင်ငံ၏မြောက်ပိုင်းတစ်ပိုင်းလုံး အထက်တန်းပညာ (တက္ကသိုလ်ပညာ) သင်ယူခွင့်ရသွားသည်။

ဆရာကြီးကို သူ့တပည့်များ၊ တပည့်များ၏မိဘများနှင့် လူထုတစ်ရပ်လုံးက ချစ်ခင်ကြသည်။ ဆရာကြီး၏တည်ကြည်မှု၊ စွန့်လွှတ်အနစ်နာခံမှု၊ သမာသမတ်ကျမှုနှင့် ရက်ရောမှု၊ အကြင်နာတရားနှင့် ဂရုစိုက်မှု၊ မြော်မြင်မှုနှင့် ဦးဆောင်မှု၊ စေ့ဆော်နိုင်မှုတို့ကြောင့် သူတို့ ချစ်ကြခြင်းဖြစ်သည်။ စည်းကမ်းသေဝပ်စေသည့် ကြိမ်လုံးကိုလည်း သူတို့အမှတ်တရ ရှိကြသည်။ ၁၉၅၀ ပြည့်လွန်နှစ်များက ကျွန်တော်သည် ဆရာကြီး၏ တပည့်တစ်ဦးဖြစ်သည့် ဒေါက်တာကောင်းဇံနှင့်အတူ လန်ဒန်မြို့ Imperial College of Science and Technology (ထိုအချိန်က ဆေးပညာမပါသေးပါ)တွင် ဘွဲ့ယူရန် တစ်ကျောင်းတည်း အတူတက်ခဲ့ရသည်။ ဒေါက်တာကောင်းဇံက အပင်ရောဂါဗေဒ (Plant Pathology) သုတေသနလုပ်နေသူဖြစ်ပြီး မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေး သုတေသနဌာနအကြီးအကဲဖြစ်လာသည်။ နောင်တွင် သူက ဖိလစ်ပိုင်နိုင်ငံရှိ နိုင်ငံတကာ ဆန်စပါးသုတေသနဌာန (IRRI) တွင် သွားရောက်အမှုထမ်းပြီး ကမ္ဘာအနှံ့တာဝန်ကျရာ နိုင်ငံအများအပြားတွင်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ကျွန်တော်တို့ငယ်စဉ် ကောလိပ်ကျောင်းသားဘဝကို ပြန်ပြောင်းတွေးတော စားမြုံ့ပြန်သည့်အခါတိုင်း သူ့အတွေးထဲ လွှမ်းမိုးနေသူနှစ်ယောက်ရှိသည်။ ဆရာကြီးနှင့် သူ့(ဒေါက်တာကောင်းဇံ၏)အနာဂတ်အိမ်ထောင်ဖက် သက်သက်ဖြစ်သည်။ သူ၏ အောင်မြင်မှုများသည် ဆရာကြီး၏ လေ့ကျင့်သင်ကြားပေးမှုနှင့် ဆရာကြီး သွတ်သွင်းပေးထားသော စည်းကမ်းတို့ကြောင့်ဟု ဒေါက်တာကောင်းဇံက မှတ်ယူသည်။

ဆရာကြီးသည် အနာဂတ်အတွက် အမြော်အမြင်ရှိသော ခေါင်းဆောင်တစ်ယောက်ဖြစ်သည်။ လွတ်လပ်ရေးရစ နိုင်ငံတစ်နိုင်ငံတွင် လိုအပ်မည့်အရာများကို သူကကြိုမြင်ပြီး နိုင်ငံ၏ လူငယ်များကို ထိုအတွက် ပြင်ဆင်မှုများ စတင်လုပ်ဆောင်ခဲ့သည်။ စိတ်မကောင်းစရာကား လူကောင်းများ ငယ်ငယ်ရွယ်ရွယ်နှင့် ကျဆုံးရခြင်းပင်၊ ဆရာကြီးကွယ်လွန်ချိန်က အသက် ၄၉ နှစ်သာ ရှိသေးသည်။

[ဆောင်းပါးရှင်သည် ဘူမိဗေဒ ပါမောက္ခ၊ တက္ကသိုလ်များ ညွှန်ကြားရေးမှူး၊ ပညာရေးဌာန အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးနှင့်ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများဆိုင်ရာ မြန်မာသံအမတ်ကြီး စသည့်တာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်သည်။ နောက်ပိုင်းတွင် UNICEF - ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့တွင် အစီအစဉ်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အငြိမ်းစားယူပြီးသောအခါ အမေရိကန်ပြည်ထောင်စု နယူးအော်လင်းစ်မြို့ရှိ Tulane School of Public Health and Tropical Medicine တွင် Clinical Professor of Public Health အဖြစ်လည်းကောင်း၊ နိုင်ငံတကာကုသိုလ်ဖြစ် အဖွဲ့အစည်းအတော်များများတွင် ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။]

---

## နှစ် (၇၀)မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာပေဟောပြော

**သီပေါ ဇူလိုင် ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စာပေဝါသနာရှင်များ၊ စာပေမြတ်နိုးသူများ ပူးပေါင်း၍ နှစ်(၇၀)မြောက် အာဇာနည်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲကို ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီတွင် မြို့ကျက်သရေဆောင်သာသနာ့ဗိမာန် ဓမ္မာရုံ၌ စာရေးဆရာ နေဝင်းမြင့်၊ ဆရာမ ခင်ခင်ထူးနှင့် ရှမ်းတိုင်းရင်းသား စာရေးဆရာ စဝ်ဟန်လေးတို့က အာဇာနည်ကြီးများအကြောင်းနှင့် စာပေရေးရာများ ဟောပြောကြမည်ဖြစ်သည်။ ထို့အပြင် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့၌လည်း မြို့နယ်သူ မြို့နယ်သားများစုပေါင်း၍ ကျဆုံးလေပြီးသော အာဇာနည်ကြီးများကို လွမ်းသူ့ပန်းခွေချ အလေးပြုကြပြီးနောက် ဗိုလ်ချုပ်အား အမှတ်ရစိမ့်သောငှာ ပဲပြုတ်နှင့်နံပြားစတုဒိသာကျွေးမွေး ကုသိုလ်ဒါနပြုကြမည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

# အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့တွင် မြန်မာနိုင်ငံမှအဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် ပြည်ထောင်စုလွှတ်တော်ကအတည်ပြု

နေပြည်တော် ဇူလိုင် ၁၄

**အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးပေးသွင်းရန်ကိစ္စကို ပြည်ထောင်စုလွှတ်တော်က ယနေ့အတည်ပြုလိုက်သည်။**



အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးပေးသွင်းရန်ကိစ္စနှင့်ပတ်သက်ပြီး ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းနှင့် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်တို့က ထောက်ခံဆွေးနွေးခဲ့ကြပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့သို့ ဝင်ရောက်ခြင်းအားဖြင့် အကျိုးထူးများ များစွာရရှိနိုင်သည့်အတွက် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရေးကိစ္စအား အတည်ပြုပေးရန် လွှတ်တော်သို့တင်ပြခဲ့သည်။

ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်းက အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံဖြစ်လာပါက ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာကျပ်ငွေ ၂၂ သန်းပေးသွင်းရမည်ဟု သိရှိရကြောင်း၊ သတ်မှတ်ထားသည့် အဖွဲ့ဝင်ကြေး ပေးရမည်ဆိုသော်လည်း ပြီးခဲ့သည့် ငါးနှစ်အတွင်း မြန်မာနိုင်ငံအတွက် ဒေါ်လာ ၂၈ သန်း ကူညီခဲ့ပါကြောင်း၊ နောက်ထပ် ဒေါ်လာ ၂၄ သန်း အကူအညီအတွက် ဝန်ကြီးဌာန သုံးခုမှ အဆိုပြုချက် ငါးခုတင်ထားသည်ဟု သိရပါကြောင်း။

အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကမ္ဘာ့ပထမဆုံး အဖွဲ့အစည်းဖြစ်သည့်အပြင် ကျွမ်းကျင်ရာကဏ္ဍအလိုက် သိပ္ပံပညာရှင်ပေါင်းများစွာ ပါဝင်သည့်အတွက် မိမိတို့နိုင်ငံရှိ အာဆီယံအမွေအနှစ် ဥယျာဉ်များ၊ သဘာဝနယ်မြေများ၊ မျိုးတုံးရန်အန္တရာယ်ကျရောက်နေသည့် မျိုးစေ့များ၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်သွားနိုင်မည်ဖြစ်သကဲ့သို့ အတွေ့အကြုံကောင်းများ၊ အကြံဉာဏ်ကောင်းများနှင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးပေးသွင်းရန် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် သဘောမတူသူ မရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စကို လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော **ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘောတူညီချက်သို့ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းနှင့် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်တို့က ဆွေးနွေးကြပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံတွင် အပူချိန်သည် တဖြည်းဖြည်းမြင့်မားလာနိုင်သည့် အလားအလာများရှိပါကြောင်း၊ ထို့ကြောင့် ပါရီသဘောတူညီချက်သို့ ဝင်ရောက်နိုင်ရေး လွှတ်တော်က အတည်ပြုပေးရန် တင်ပြခဲ့သည်။

ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်းက ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘောတူညီချက် အဖွဲ့ဝင်နိုင်ငံဖြစ်ပါက သစ်တောပြုန်းတီးမှုနှင့်ပတ်သက်ပြီး နောက်ဆက်တွဲ ရာသီဥတုပြောင်းလဲမှုကို အလူးအလဲခံစားနေရသည့် နိုင်ငံအတွက် နည်းပညာဖွံ့ဖြိုးမှု၊ ရာသီဥတုဆိုင်ရာ ရန်ပုံငွေလျာထားချက်ရရှိသုံးစွဲနိုင်မှု၊ ပညာရေးနှင့် စွမ်းရည်မြှင့်တင်မှုသင်တန်းများ ပို့ချပေးမှုနှင့် အများပြည်သူကို ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ရရှိမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတွင်း၊ ဒေသတွင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို တွန်းအားပေး ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပါရီသဘောတူညီချက်သို့ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘောတူညီချက်သို့ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရန်ကိစ္စကို လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းအား လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်သို့တင်သွင်းခြင်း၊ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။

ထို့ပြင် အစိုးရအောင်ဘာလေထီဥပဒေကြမ်းတင်သွင်းခြင်း၊ နိုင်ငံတော်သမ္မတထံမှ သဘောထား မှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်း၊ မြန်မာနိုင်ငံပိုင်နက် ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေကြမ်းနှင့် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းတို့အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုခြင်း၊ ကျိုတိုနောက်ဆက်တွဲစာချုပ်၏ ဒုတိယမြောက်ကတိကဝတ်ကာလဖြစ်သည့် ဒိုဟာပြင်ဆင်ချက်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရန်ကိစ္စအား ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ မီမီဖြိုး (သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့တွေ့ဆုံ၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၄**

အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Narendra Modi အား ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ဝန်ကြီးချုပ်၏အိမ်တော်၌ သွားရောက်ဂါရဝပြုတွေ့ဆုံသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Narendra Modi တို့ တွေ့ဆုံဆွေးနွေးစဉ်**

### အပြန်အလှန်ဆွေးနွေး

တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာများအား အပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အိန္ဒိယနိုင်ငံကာကွယ်ရေး ဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Arun Jaitley နှင့် ၎င်း၏ရုံးခန်း၌ တွေ့ဆုံဆွေးနွေးသည်။

### ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် အိန္ဒိယနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာန အဆောက်အအုံ မြက်ခင်းပြင် South Block Lawns ၌ အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယတပ်မတော်(ကြည်း၊ရေ၊လေ) စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ Admiral Sunil Lanba တို့သည် South Block ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

### လေ့ကျင့်ရေးသင်တန်းဆိုင်ရာ

တွေ့ဆုံစဉ် ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးကိစ္စရပ်များ၊ လေ့ကျင့်ရေးသင်တန်းဆိုင်ရာများ၊ တပ်မတော်ဆေးဘက်ဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

### လုံခြုံရေးကိစ္စရပ်များ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား South Block ရှိ Naval Conference Hall ၌အိန္ဒိယတပ်မတော်မှ Air Vice Marshal S P Wagle က အိန္ဒိယနိုင်ငံ၏လုံခြုံရေးအမြင်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ-အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်မှုတားဆီးကာကွယ် တိုက်ဖျက်ရေး၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး၊ အိန္ဒိယသမုဒ္ဒရာအတွင်း ရေကြောင်းကုန်သွယ်မှု လုံခြုံရေးကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည်ဖြစ်ကြောင်း၊ အလားတူ ဘင်္ဂလားပင်လယ်အော်သည်လည်း မြန်မာ့ပင်လယ်ပြင် လုံခြုံရေးအတွက် အရေးကြီးပါကြောင်း၊ တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ် Gen. Bipin Rawat နှင့်၎င်း၏ရုံးခန်း၌ တွေ့ဆုံဆွေးနွေးကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား South Block ရှိ Army Conference Hall တွင် အိန္ဒိယ ကြည်းတပ်မှ စစ်ရေးချုပ်တာဝန်ထမ်းဆောင်ခဲ့သူ Maj. Gen. Sunil Chandra (Retd) က Army Welfare Education Society (AWES) နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဂုဏ်ပြုပန်းခွေချ

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် India Gate ရှိ သူရဲကောင်းဗိမာန်၌ ဂုဏ်ပြုပန်းခွေချ အလေးပြုပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)နှင့် ဂျာမန်ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၄**

လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC)နှင့် Hanns Seidel Foundation ဂျာမန်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက လွှတ်တော်ဝင်း ဇမ္ဗူသီရိဆောင်၌ ကျင်းပရာ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးတီခွန်မြတ်တက်ရောက်၍ နှုတ်ခွန်းဆက် စကားပြောကြားသည်။

ဆွေးနွေးပွဲတွင် Hanns Seidel Foundation က မြန်မာလွှတ်တော်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးအတည်ပြုခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) အဖွဲ့ဝင်များ၊ Hanns Seidel Foundation မှ ဌာနေကိုယ်စားလှယ် Mr. Achim Munz နှင့် Mr. Henriettee Kuehnl ဂျာမနီနိုင်ငံ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်မှ ကျွမ်းကျင်ပညာရှင် Dr.Jochen Guckes နှင့် Dr . Sandra Michel တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ဆက်လက်၍ ဒုတိယသမ္မတက ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံတွင် Digital Economy အောင်မြင်စွာ ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရက ဦးဆောင်ပံ့ပိုးရန်၊ Digital Economy ကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးရှိ ပြည်သူများ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးတို့တွင် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စီးပွားရေးပတ်ဝန်းကျင်အခြေအနေကောင်းများနှင့် ဒစ်ဂျစ်တယ်နည်းပညာများကို မြှင့်တင်ဖန်တီး၍ မြန်မာနိုင်ငံကို အာဆီယံဒေသ၏ Digital Hub တစ်ခုဖြစ်လာစေရန်နှင့် ၎င်းမှတစ်ဆင့် Digital Economy ရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန် အစရှိသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် ဖွဲ့စည်းရခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနည်းတူ အာဆီယံနိုင်ငံများတွင် Digital Economy ကို တိုင်းပြည်၏အဓိက စီးပွားရေးအဖြစ် အကောင်အထည်ဖော်ရန် နှစ်အလိုက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြပါကြောင်း။

နိုင်ငံ၏ ကဏ္ဍများအားလုံးကို ဒစ်ဂျစ်တယ်စနစ်သို့ မြှင့်တင်ပြောင်းလဲမှုများပြုလုပ်ပြီး Digital Economy ကို တည်ဆောက်ကြရာတွင် **ပထမအဆင့်အနေဖြင့်** မြန်မာနိုင်ငံ၏ စီးပွားရေးအခြေခံအဆောက်အအုံ လိုအပ်ချက်များကိုမြှင့်တင်ရန်၊ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများ မြှင့်တင်ရန်၊ နည်းဥပဒေနှင့် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရန်၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရန်၊ လုပ်ငန်းများ၊ ငွေကြေးအရင်းအမြစ်များရရှိရန် အစရှိသည့်လိုအပ်ချက်များကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပြီး စီးပွားရေးပတ်ဝန်းကျင်အခြေအနေကောင်းများ ဖြစ်လာရန် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်တွင်း Startup ကုမ္ပဏီများ အလွယ်တကူ လုပ်ငန်းများစတင်နိုင်ရန်၊ အကြီးစား၊ အလတ်စားနှင့် အသေးစားလုပ်ငန်းများ အဆင်ပြေအောင်မြင်မှု ရရှိစေရန်နှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း၊ စီးပွားရေးပတ်ဝန်းကျင် အခြေအနေကောင်းများ ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လိုလားသည့်အဆင့်တစ်ခုသို့ ရောက်ရှိရန် ရည်မှန်းချက်ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။



ဒုတိယဝန်ကြီး ဦးကျော်မျိုး

**ဒုတိယအဆင့်**အနေဖြင့် နိုင်ငံတကာနည်းပညာ ဦးဆောင်ကုမ္ပဏီများ၏ နည်းပညာခေါင်းဆောင်များထံမှ အကြံဉာဏ်များရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ နိုင်ငံတကာကုမ္ပဏီများမှ နည်းပညာများ လွှဲပြောင်းရယူနိုင်ရန် ကြိုးစားခြင်း၊ ပြည်တွင်းတီထွင်ဖန်တီးနိုင်မှုများ၊ ပေါ်ထွန်းလာအောင် ဆောင်ရွက်ခြင်း၊ နည်းပညာ Startup ကုမ္ပဏီများ ပေါ်ထွက်လာအောင် အားပေးခြင်း၊ ပြည်တွင်းကုမ္ပဏီများ နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ဆောင်ရွက်ခြင်းတို့အပြင် သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုတွင် အာဆီယံဒေသ၏ Digital Hub တစ်ခု ဖြစ်စေရန်နှင့် Digital Economy ကို အခြေခံတည်ဆောက်ပြီး တိုင်းပြည်ဝင်ငွေရှာဖွေနိုင်ရန် ရည်မှန်းချက်ထား စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ပညာရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သုံးစွဲသူပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်အဖွဲ့အစည်းများပါဝင်လာရန် ရည်မှန်းချက်ထားအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ကဏ္ဍအသီးသီးတွင် ဒစ်ဂျစ်တယ်စနစ်သို့ မြှင့်တင်ပြောင်းလဲမှုများ၊ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဆိုလျှင် ဒစ်ဂျစ်တယ်နည်းပညာကို ကောင်းစွာအသုံးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာပြီး Digital Economy ဖြင့် တိုင်းပြည်၏စီးပွားရေးကို များစွာအကျိုးပြုနိုင်မည်ဖြစ်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း များစွာအကျိုးပြုစေမည်ဖြစ်ပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် နည်းပညာနှင့် အင်တာနက်ရရှိနိုင်မှု ကွာဟနေခြင်း (Digital Divide) ကို ထိထိရောက်ရောက်လျှော့ချကာ ဒစ်ဂျစ်တယ်နည်းပညာများကို ပြည်သူလူထု၏ စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်အသုံးချပြီး စီးပွားရေး၊ လူမှုရေးနှင့် ပြည်သူလူထု၏ နေ့စဉ်လူနေမှုအဆင့်အတန်း တိုးတက်လာရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဝင်များဖြစ်ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ပညာရှင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။ **(သတင်းစဉ်)**



# (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

**(၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။** (အပေါ်ပုံ)

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယခုကျင်းပပြုလုပ်မည့် ရတနာပြပွဲတွင် ကျောက်အတွဲများကို နိုင်ငံခြားငွေဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အစိုးရသစ်လက်ထက် တတိယအကြိမ်မြောက် ကျင်းပသည့် ရတနာပြပွဲဖြစ်ပါကြောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ် တစ်မျိုးတည်းဖြင့်သာ တင်ပြရောင်းချသွားမည်ဖြစ်ပါကြောင်း။

ရတနာပြပွဲများကို နိုင်ငံတကာအဆင့်မီ ကျင်းပပြုလုပ်နိုင်ရေး၊ ပြပွဲဆိုင်ရာ လုပ်ငန်းများတွင် အားနည်းချက်မရှိစေရေးအတွက် ဖွဲ့စည်းထားရှိသည့် လုပ်ငန်းကော်မတီများအနေဖြင့် အလေးအနက်ထား ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံရေးရာလုပ်ငန်းကော်မတီ၊ ကျောက်စိမ်းလုပ်ငန်းကော်မတီ၊ ကျောက်မျက်လုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက ကျောက်စိမ်း၊ ကျောက်မျက်အတွဲများ ရောင်းချခြင်းပြုလုပ်မည့်အစီအစဉ်၊ ကျောက်မျက်ရတနာပြပွဲ အကြိုကာလတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ကျောက်စိမ်းအတွဲများ လက်ခံခင်းကျင်းပြီးစီးမှု အခြေအနေများနှင့် ရတနာပြပွဲတွင် ကောက်ခံမည့် နှုန်းထားအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းဆွေးနွေးကြပြီး ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပပုံ လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၁၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၁/၂၀၁၇)မှ သင်တန်းသား သင်တန်းသူများ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် သမိုင်းအထူးပြု မဟာဝိဇ္ဇာဂုဏ်ထူးတန်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်ကြသည့် လေ့လာသူပြည်သူများ စုစုပေါင်း ၆၅၄ ဦး တက်ရောက်သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၂၉၁၄၂ ဦးရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက သက်ဆိုင်ရာ လွှတ်တော်ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ သုံးရက်ကြိုတင် ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ပမီဒီယာအဖွဲ့များ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်း သတင်းရယူ

**မောင်တော ဇူလိုင် ၁၄**

ပြည်ပမီဒီယာအဖွဲ့များသည် ယနေ့တွင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်း လှည့်လည်သတင်းရယူကြသည်။ **(ယာပုံ)**



နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာသို့ သွားရောက်ပြီး ဇူလိုင် ၉ ရက်က ဖြစ်ပွားခဲ့သော ပစ်ခတ်မှုဖြစ်စဉ်တွင် သေဆုံး၊ ဒဏ်ရာရရှိမှုများနှင့် ဖြစ်စဉ်အခြေအနေ အသေးစိတ်တို့ကို လွတ်လပ်စွာ ကွင်းဆင်းသတင်းရယူကြသည်။

ထို့နောက် မောင်နှမကျေးရွာသို့ ရောက်ရှိပြီး ဇူလိုင် ၄ ရက်က နေအိမ်အတွင်းဝင်ရောက်၍ ဖမ်းဆီးခေါ်ဆောင်ခံရသည့် အဒူဆူဝမ်းနှင့်ပတ်သက်သည့် ဆက်စပ်သတင်းများရယူကြသည်။

ယင်းနောက် ဘူးသီးတောင်မြို့မှ တစ်ဆင့် မောင်တောမြို့သို့ ရောက်ရှိကာ နယ်မြေအခြေအနေ သတင်းရယူကြသည်။

ညနေပိုင်းတွင် ပြည်ပမီဒီယာအဖွဲ့အား ကျီးကန်းပြင် နယ်ခြားစောင့် လုံခြုံရေးဌာနချုပ်၌ ရဲမှူးချုပ် သူရစန်းလွင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်တို့က နယ်မြေအခြေအနေကို ရှင်းလင်းပြောကြားကြပြီး ပြည်ပမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။ **(သတင်းစဉ်)**

# တိုက်ပွဲရှောင်စခန်းနေပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

**ဝိုင်းမော် ဇူလိုင် ၁၄**

ငြိမ်းချမ်းရေးတေးဂီတပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ ပြန်ကြားရေးဝန်ကြီးဌာနမှ တိုက်ပွဲရှောင်စခန်းနေ ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို ဝိုင်းမော်မြို့နယ် ခတ်ချိုတိုက်ပွဲရှောင်စခန်းတွင် ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

ထောက်ပံ့ပစ္စည်း ပေးအပ်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(နေပြည်တော်)မှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် တေးဂီတ ဦးနောင်နောင် (Sun Flower) နှင့်အဖွဲ့ဝင်များက စခန်းနေပြည်သူများကို ထောက်ပံ့ပစ္စည်း ပေးအပ်ခဲ့ကြသည်။

အဆိုပါ တိုက်ပွဲရှောင်စခန်းနေ ပြည်သူများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဗလာစာအုပ် ဒါဇင် ၃၀၀၊ ဆန်အိတ် ၂၀၊ ခြုံစောင် ထည် ၁၀၀၊ ၁၀ ပိဿာပါ ဆီ ၁၀ ပုံး၊ ငါးခြောက် ၁၀ပိဿာ၊ ပဲ ပိဿာ ၄၀၊ တီရှပ်အထည် ၃၀၀ နှင့် အာလူး၊ ကြက်သွန်နီ/ အဖြူ၊ ကြက်ဥ အလုံး ၃၀၀၊ ငါးသေတ္တာဘူး ၂၅၀၊ ဆပ်ပြာ၊ ဆား၊ ခေါက်ဆွဲခြောက်ဖာ၊ ပရိမီယာကော်ဖီမစ် ထုပ် ၄၈၀၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဝိုင်းမော်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့က စာရေးကိရိယာများနှင့် ကလေးကာတွန်းစာအုပ်၊ ကဗျာစာအုပ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် စခန်းအတွင်းသို့ လှည့်လည်၍ စခန်းနေပြည်သူများ၏ စားဝတ်နေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်ဆောင်ရွက်စားသောက်နေမှုအခြေအနေများကို မေးမြန်းခဲ့ပြီး အားပေးစကားများ ပြောကြားသည်။ ထို့ပြင် ၎င်းအဖွဲ့နှင့် လိုက်ပါလာသော အနုပညာရှင် မင်းသား နေမင်းနှင့် စည်ဖြိုးတို့က စခန်းနေပြည်သူများကို အားပေးစကားပြောကြားပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# YBS ယာဉ် မတော်တဆမှုဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာ ရရှိသူများအတွက် ကရုဏာကြေးပေးအပ်

ရန်ကုန် ဇူလိုင် ၁၄

**၂၀၁၇ ခုနှစ် ဇူလိုင် ၇ ရက်က ဖြစ်ပွားခဲ့သော YBS ယာဉ် မတော်တဆမှုဖြစ်စဉ်တွင် ကွယ်လွန်သွားသူများနှင့် ဆေးရုံတက်ရောက်ကုသခဲ့ရသော ထိခိုက်ဒဏ်ရာရရှိသူများအတွက် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ ကရုဏာကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။**



အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဇူလိုင် ၇ ရက်တွင် ဖြစ်ပွားခဲ့သော YBS ယာဉ်နှစ်စီး မတော်တဆမှုဖြစ်စဉ်တွင် ကွယ်လွန်သွားခဲ့သူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၏ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းကို ကျန်ရစ်သူမိသားစုဝင်များကို ပြောကြားသည်။ ဝန်ကြီးချုပ်က မထသစနစ်မှ YBS စနစ်သို့ ပြောင်းလဲရခြင်းအကြောင်းနှင့် ပတ်သက်၍ "ဒီပြုပြင်ပြောင်းလဲရေးကို လုပ်တဲ့နေရာမှာလည်း ဘယ်သူ့ကိုမှ အပြစ်မဆိုဘဲနဲ့ ရထားတဲ့ အခြေအနေကနေ အကောင်းဆုံးဖြစ်အောင် ကျွန်တော်တို့ ကြိုးပမ်းခဲ့ပါတယ်။ ဒီဖြစ်စဉ် ဘာကြောင့်ဖြစ်လာရလဲဆိုတာ သေသေချာချာ လေ့လာဆန်းစစ်မှုလုပ်တဲ့အခါမှာ ကုမ္ပဏီပိုင်ယာဉ်လိုင်းကားတွေနဲ့ တစ်ဦးချင်း တစ်ယောက်ချင်းပိုင် ယာဉ်လိုင်းကားတွေကြားမှာ မတူညီမှုပြဿနာတွေဖြစ်ပါတယ်။ တစ်ဦးချင်း တစ်ယောက်ချင်းပိုင် ကားတွေမှာ ကားကိုကြံ့ခိုင်မှုလည်း မလုပ်ဘူး။ ငွေကိုလည်း လက်ပူတိုက်ပြီးရှာနေတဲ့ အခြေအနေမျိုးကို ကျွန်တော်တို့တွေ့ရပါတယ်။ နောက်တစ်ချက်က ကားကို အာမခံထားမှုလည်း မရှိပါဘူး။ အာမခံမရှိဘူးဆိုရင် တစ်စုံတစ်ရာ ပြဿနာပေါ်လာတဲ့ အခြေအနေမှာ ခရီးသွားပြည်သူတွေကို ဝန်ဆောင်မှုပေးနိုင်တဲ့အခြေအနေမျိုး၊ ဘာအာမခံချက်မှမရှိတဲ့ အခြေအနေမျိုး ဖြစ်နိုင်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ကရုဏာကြေးပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်ရစ်သူမိသားစုများအား ကရုဏာကြေးများပေးအပ်ခဲ့ရာ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က ကွယ်လွန်သူတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၁၀ ဦးအတွက် ငွေကျပ် သိန်း၁၀၀ ၊ ဒဏ်ရာရရှိသူတစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ၂၄ ဦး အတွက် ငွေကျပ် သိန်း ၁၂၀ ကို လည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ကွယ်လွန်သူတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၁၀ ဦးအတွက် ငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း၊ Green Guardiance Insurance က YBS ၃၇ ယာဉ်လိုင်းမှ ကွယ်လွန်သူ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငါးဦးအတွက် ငွေကျပ် သိန်း ၅၀ ၊ YBS ၅၅ ယာဉ်လိုင်းမှ ကွယ်လွန်သူ တစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ငါးဦးအတွက် ငွေကျပ် ၂၅ သိန်း၊ YBS ၃၇ ယာဉ်လိုင်းမှ ဆေးရုံတက်ရောက်ကုသခဲ့ရသူ ၁၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသိန်းမှ ကိုးသိန်းအထိ၊ YBS ၅၅ ယာဉ်လိုင်းမှ ဆေးရုံတက်ရောက်ကုသခဲ့ရသူ ကိုးဦး အတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ ရန်ကုန် ဘတ်စ်ကားအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အနေဖြင့် YBS ၃၇ ယာဉ်လိုင်းမှ ကွယ်လွန်သူ ငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့်လည်းကောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ ၁၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့ပြင် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဒဏ်ရာရရှိသူများ ကုသရာတွင် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# မစ္စယန်ဟီလီနှင့်အဖွဲ့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များနှင့်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၄**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC)သို့ သွားရောက်၍ ကော်မရှင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မစ္စယန်ဟီလီက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့် ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများအပေါ် သိရှိလိုသည်များကို မေးမြန်းရာ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထိုသို့ တွေ့ဆုံမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက " ကျွန်တော်တို့အနေနဲ့ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်ရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ဆောင်ရွက်ချက်တွေကို ရှင်းပြတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း မြန်မာနိုင်ငံမှာရှိတဲ့ မြို့နယ်အရပ်ရပ်ကို သွားရောက်ပြီးတော့ ဆွေးနွေးဟောပြောမှုတွေ လုပ်ခဲ့သလို ရဲအရာရှိတွေကိုလည်း လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး သင်တန်းတွေပေးတယ်၊ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်တယ်ဆိုတဲ့အကြောင်းတွေပါတယ်။ အကျဉ်းထောင်နဲ့ပတ်သက်ပြီးတော့လည်း အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့တယ်။ အကျဉ်းထောင်နဲ့ အချုပ်ခန်းတွေကို သွားရောက်စစ်ဆေးပြီး တွေ့ရှိတဲ့ရလဒ်တွေအပေါ်ကို သတင်းထုတ်ပြန်မှုတွေလုပ်ပြီး သက်ဆိုင်ရာကိုလည်း တင်ပြအစီရင်ခံမှုတွေလုပ်နေတယ်ဆိုတာတွေကို ရှင်းပြခဲ့ပါတယ်"ဟု မီဒီယာများကို ပြောကြားသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီနှင့်အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ လားရှိုးမြို့သို့ ယနေ့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။

မစ္စယန်ဟီလီနှင့်အဖွဲ့သည် မွန်းလွဲ ၃ နာရီတွင် ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးရုံး ညှိနှိုင်းခန်းမ၌ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်သန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နယ်မြေဒေသ လုံခြုံရေးအခြေအနေ၊ သတင်းမီဒီယာသမားများ လွတ်လပ်စွာ သွားလာနိုင်မှုအတွက် ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ တိုက်ပွဲရှောင်ပြည်သူများ၏ လုံခြုံရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ဒေသတွင်း မိုင်းရှင်းလင်းရေးဆောင်ရွက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့သည်။

ယင်းနောက် ညနေပိုင်းတွင် လားရှိုး အကျဉ်းထောင်သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ အကျဉ်းသား၊ အကျဉ်းသူများ၏ နေထိုင်စားသောက်ရေး ဆောင်ရွက်ထားရှိမှုများကို မေးမြန်းခဲ့ပြီး အကျဉ်းထောင်အတွင်း ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဝတီ၊ ချင်းတွင်း ဧဝန်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၄**

**ရေဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ရေဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် နှစ်လက်မခန့်နှင့် ညောင်ဦးမြို့တွင် တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ပခုက္ကူမြို့နယ်နှင့် ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိမှုအခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် သုံးပေခန့်နှင့် မော်လိုက်မြို့တွင် ခုနစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် နှစ်ပေခန့်နှင့် မော်လိုက်မြို့တွင် တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ခြောက်ပေခန့်စီ၊ ကနီမြို့တွင် တစ်ပေခန့်နှင့် မုံရွာမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ပေဝက်ခန့်စီ၊ နောက်နှစ်ရက်အတွင်း ကနီမြို့တွင် တစ်ပေခန့်နှင့် နောက်သုံးရက်အတွင်း မုံရွာမြို့တွင် တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**ဧဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဧဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# ဒေသရှိအင်းများကို ရေလုပ်သားငယ်အစုအဖွဲ့အား လုပ်ကိုင်ခွင့်များချထားပေးရေး ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်

**လေးမျက်နှာ ဇူလိုင် ၁၄**

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက ဒေသရှိ အင်းများကို ရေလုပ်သားငယ်အစုအဖွဲ့များအား လုပ်ကိုင်ခွင့်ချထားပေးရေးအတွက် ဒေသခံရေလုပ်သား ၁၁၁ ဦးနှင့် အမျိုးသမီး ၁၄ ဦးက ငြိမ်းချမ်းစွာစုဝေး၍ စီတန်းလမ်းလျှောက်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲတွင် ဒေသခံရေလုပ်သား အလုပ်သမားအဖွဲ့အစည်းဝင်များ အလုပ်အကိုင်ရရှိရေးနှင့် ပတ်သက်သည့် ဆိုင်းဘုတ်များ ကိုင်ဆောင်ပြီး လေးမျက်နှာမြို့အဝင်မှ မြို့တွင်းသို့လှည့်လည်၍ စီတန်းလမ်းလျှောက်ပြီး ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြရာ နံနက် ၁၁ နာရီတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ယခုရာသီသည် ငါးဖမ်းရာသီ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကာလ မဟုတ်သေးသဖြင့် ဒေသခံရေလုပ်ငန်းလုပ်ကိုင်သူများနှင့် ပြည်သူများ ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ပြီး ဒေသတွင်း ရိက္ခာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်အောင် ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ငါးရစ်ငါးသန်ရာသီတွင် ငါးမဖမ်းရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ဥပဒေနည်းဥပဒေများကို ရေလုပ်သားများ ဒေသနေပြည်သူများသိအောင် အသိပညာပေးလုပ်ငန်းများကို လိုက်လံဆောင်ရွက်ပေးခဲ့ကြောင်း၊ စည်းကမ်းမလိုက်နာဘဲ ငါးဖမ်းဆီးသူများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လိုက်လံစစ်ဆေးစဉ် ခွင့်ပြုချက်မရှိဘဲ ငါးဖမ်းဆီးသူ ကိုးဦးကို တွေ့ရှိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မင်းလှ၌ လှည်းကူးကျေးရွာသူ ကျေးရွာသားများ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်

**မင်းလှ ဇူလိုင် ၁၄** ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် လှည်းကူးအုပ်စု ကျေးရွာသူ ကျေးရွာသားများက မှန်ကန်မျှတသော တရားစီရင်ရေးစနစ် ပေါ်ထွန်းစေရန်အတွက် ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီ ၁၀ မိနစ်ခန့်က မြို့နယ်တရားရုံးရှေ့၌ ငြိမ်းချမ်းစွာ စုဝေးဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။ အဆိုပါဆန္ဒထုတ်ဖော်ရာတွင် လှည်းကူးအုပ်စု အင်းမတန်းကျေးရွာနေ ဦးခင်မောင်ဆွေက ဦးဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ပြီး နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က လူစုခွဲ ပြီးဆုံးခဲ့ကြောင်း သိရသည်။ မင်းလှမြို့နယ်တရားသူကြီး၏ တရားခွင်အတွင်း အမှုစစ်ဆေးရာတွင် မှန်ကန်မျှတမှုနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်းတို့အတွက် တရားရေးမဏ္ဍိုင်တည့်မတ်စေရန် ဆန္ဒဖော်ထုတ်ပြသခြင်းဖြစ်ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

# အစ္စရေးရှိဘာသာရေးမြေအနီး၌ သေနတ်သမားများက ဝင်ရောက်ပစ်ခတ်ရာ ရဲတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး



ဇူလိုင် ၁၄ ရက်က အစ္စရေးတပ်ဖွဲ့များ ဂျေရုဆလင်မြို့ဟောင်းတွင် ပါလက်စတိုင်းအမျိုးသားတစ်ဦးအား ရှာဖွေနေစဉ်

**ဂျေရုဆလင် ဇူလိုင် ၁၄**

အစ္စရေးနိုင်ငံ ဂျေရုဆလင်ရှိ ဘာသာရေးမြေအနီး၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အစ္စရေးရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။ သေနတ်သမားသုံးဦးမှာ အာရပ်-အစ္စရေးနိုင်ငံသားများဖြစ်ကြပြီး ၎င်းတို့ကို လုံခြုံရေး အင်အားစုများက သေနတ်ဖြင့် အသေပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အစ္စရေးအာဏာပိုင်များသည် သေနတ်ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အခင်းဖြစ်ပွားခဲ့သည့်နေရာ တစ်ဝိုက်ကို ပိတ်ဆို့ခဲ့ကြသည်။ အစ္စလာမ်ဘာသာဝင်များအတွက်သာမက ဂျူးလူမျိုးများအတွက်ပါ အထွတ်အမြတ်ဖြစ်သည့် အထိအခိုက်မခံသော သာသနာ့မြေအနီးတွင် နှစ်အနည်းငယ်အတွင်း အပြင်းထန်ဆုံးဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုဟု ဆိုရမည်ဖြစ်သည်။

သာသနာ့နယ်မြေအနီး၌ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုက သောကြာနေ့တွင် အဆိုပါနေရာ၌ ဆုတောင်းဝတ်ပြုရန် စုဝေးရောက်ရှိနေကြသည့် အစ္စလာမ်ဘာသာဝင်များကို ရပ်တန့်သွားစေခဲ့သည်။

သေနတ်သမားများသည် အစ္စလာမ်ဘာသာဝင်များ၏ မြင့်မြတ်သည့်အဆောက်အအုံမြေနှင့် ဂျူးလူမျိုးများ၏ဘုရားရှိခိုးကျောင်းဟု အထွတ်အမြတ်ပြုထားသည့်ဘာသာရေးမြေပေါ်သို့ ရောက်ရှိလာခဲ့ကြပြီး အနီးရှိမြို့ဟောင်းဂိတ်ဆီသို့ လမ်းလျှောက်လာခဲ့ကြကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်သူ လူဘာဆီမရီက ပြောကြားခဲ့သည်။

သေနတ်သမားများက ရဲတပ်ဖွဲ့ဝင်များအား တွေ့မြင်သွားချိန်တွင် သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြပြီးနောက် Temple Mount ရင်ပြင်အတွင်းရှိ ဘာသာရေးအဆောက်အအုံတစ်ခုဆီသို့ ထွက်ပြေးသွားခဲ့ကြရာ ရဲတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားသုံးဦးအား အသေပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း လူဘာက ပြောကြားခဲ့သည်။

သေနတ်သမားများ၏ ခန္ဓာကိုယ်၌ ခြောက်လုံးပြူးသေနတ်များကို တွေ့ရှိရသည်ဟုဆိုသည်။ သေနတ်သမားသုံးဦးလုံးသည် အစ္စရေး ရှိ အာရပ်နိုင်ငံသားများဖြစ်ကြောင်း အစ္စရေးပြည်တွင်းလုံခြုံရေးအဖွဲ့က ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# အိန္ဒိယက နှစ်နိုင်ငံ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်ကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့ကြောင်း ပါကစ္စတန်ပြော

**အစ္စလမ္မာဘတ် ဇူလိုင် ၁၄**

ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံအနေဖြင့် နှစ်နိုင်ငံ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်ကို အကြိမ်ပေါင်း ၅၄၂ ကြိမ် ချိုးဖောက်ခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဇာကာရီယာက မကြာသေးမီတွင် ပြောခဲ့သည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် နှစ်နိုင်ငံ တင်းမာမှုအခြေအနေ ပိုမိုမဆိုးရွားစေလိုသည့်အတွက် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း ဇူလိုင် ၈ ရက်က ဖြစ်ပွားခဲ့သည့် နှစ်နိုင်ငံ အပြန်အလှန်ပစ်ခတ်မှုသည် အိန္ဒိယနိုင်ငံ၏ အကြောင်းမဲ့ပစ်ခတ်မှုကို ပြန်လည်တုံ့ပြန်ပစ်ခတ်ခြင်းသာ ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဇူလိုင် ၈ ရက် ပစ်ခတ်မှုကြောင့် ပါကစ္စတန်နိုင်ငံဘက်မှ အရပ်သားငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။ ထို့အတူ ပါကစ္စတန်တို့၏ ပြန်လည်တုံ့ပြန်ပစ်ခတ်မှုကြောင့်လည်း အိန္ဒိယတပ်ဖွဲ့မှ သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

၁၉၄၇ ခုနှစ်တွင် ပါကစ္စတန်သည် အိန္ဒိယနိုင်ငံမှ ခွဲထွက်ပြီးနောက် ကက်ရှ်မီးယားဒေသကိုရရှိရန် တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ၂၀၀၃ခုနှစ်တွင် နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် ကက်ရှ်မီးယားဒေသ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုရရှိခဲ့သော်လည်း နှစ်နိုင်ငံစလုံးက တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်ကြောင်း အပြန်အလှန်စွပ်စွဲလျက် ပြစ်တင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**




အိန္ဒိယထိန်းချုပ်ခံကက်ရှ်မီးယားဒေသ၌ အိန္ဒိယတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်



# ထရန့်နှင့်မက်ခရွန်အကြမ်းဖက်မှုကို ပူးပေါင်းတိုက်ဖျက်သွားမည်

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်တို့သည် ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ နှစ်နိုင်ငံသဘောထားကွဲလွဲမှုများရှိနေသော်လည်း အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်မှုကို နှစ်နိုင်ငံမဟာမိတ်အဖြစ် ပူးပေါင်းဆောင်ရွက်မှုမှာ တည်မြဲခိုင်မာနေလိမ့်မည်ဖြစ်ကြောင်း အလေးအနက်ပြောဆိုခဲ့ကြကြောင်း သိရသည်။

ပြင်သစ်သမ္မတနန်းတော်၌ စကားပြောဆိုဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် ခေါင်းဆောင်နှစ်ဦးတို့သည် ကြာသပတေးနေ့တွင် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကိုကျင်းပခဲ့ကြသည်။

၂၀၁၅ ခုနှစ်ကပါဝင်ခဲ့သည့် ရာသီဥတုဆိုင်ရာ ပါရီသဘောတူစာချုပ်မှ အမေရိကန်ပြည်ထောင်စုကိုဖယ်ထုတ်ရန် ထရန့်၏ ဆုံးဖြတ်ချက်ချမှုအပေါ်တွင် သဘောမကျသည့် အချက်များရှိကြောင်း ပြင်သစ်သမ္မတမက်ခရွန်က အသိအမှတ်ပြုပြောကြားခဲ့သည်။

သို့သော်လည်း မက်ခရွန်သည် ထရန့်၏ဆုံးဖြတ်ချက်ကို လေးစားရမည်ဖြစ်ပြီး ထရန့်အနေဖြင့် ယင်းဆုံးဖြတ်ချက်ကို ပြန်လည်ပြောင်းလဲရန် ဖျောင်းဖျသွားမည်ဟု ကတိပေးအပ်ခဲ့ကြောင်း သိရသည်။ ထရန့်အနေဖြင့် ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားရန်ဆန္ဒရှိနေကြောင်း ဖော်ပြခဲ့သည်။

အကြမ်းဖက်အဖွဲ့အစည်းများကို လူသားအဖွဲ့အစည်း၏ ဘုံရန်သူအဖြစ်ဖော်ပြခဲ့ပြီး အမေရိကန်နှင့် ပြင်သစ်တို့သည် အကြမ်းဖက်မှုများကို ဖြိုခွင်းသွားမည်ဖြစ်ကြောင်း ထရန့်က ပြောကြားခဲ့သည်။

ပြင်သစ်သမ္မတ မက်ခရွန်က အကြမ်းဖက်မှုများကို ထိပ်တိုက်ရင်ဆိုင်ဖြိုခွင်းချိန်ရောက်ရှိလာလျှင် ၎င်းနှင့် ထရန့်တို့သည် အတူတကွစိတ်ဓာတ်ကြံ့ခိုင်စွာ ပူးပေါင်းတိုက်ဖျက်သွားကြမည်ဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# ဆွီဒင်နိုင်ငံတွင် ဆောက်လက်စတံတားတစ်စင်းပြိုကျမှုဖြစ်ပွားခဲ့ရာ ၁၂ ဦး ဒဏ်ရာရရှိ

**စတော့ဟုမ်း ဇူလိုင် ၁၄**

ဆွီဒင်နိုင်ငံအလယ်ပိုင်း လုဒ်ဗီကာမြို့၌ တည်ဆောက်ဆဲတံတားတစ်စင်း ပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၁၂ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဆွီဒင်ရုပ်သံမှ မကြာသေးမီက ထုတ်လွှင့်ခဲ့သည်။

တံတားပြိုကျမှုကြောင့် လုပ်ငန်းခွင်ရှိ အလုပ်သမား ၁၂ ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက်လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း အဆိုပါရုပ်သံက ဆွီဒင်ရုပ်သံဌာန ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြခဲ့သည်။

ရဟတ်ယာဉ်နှစ်စင်းနှင့် ကယ်ဆယ်ရေးယာဉ် ခုနစ်စီးတို့မှ အခင်းဖြစ်ပွားရာနေရာတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေပြီး ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးနေကြောင်း သိရသည်။

ထို့ပြင် တံတားပြိုကျခဲ့သည့် အကြောင်းရင်းကိုလည်း ဆက်လက်စုံစမ်းလျက်ရှိပြီး အဘယ့်ကြောင့် တံတားပြိုကျမှုဖြစ်ပွားခဲ့သည်ကို ဆွီဒင်နိုင်ငံ လမ်းပန်းဆက်သွယ်ရေးဌာနက အတည်မပြုနိုင်သေးပေ။

အဆိုပါပြိုကျသည့်တံတားကို ယခုနှစ်အောက်တိုဘာလတွင် အပြီးတည်ဆောက်



ရန် လျာထားကြောင်း သိရသည်။ တံတားသည် ရထားလမ်းအထက်တွင် တည်ရှိသဖြင့် တံတား ပြိုကျမှုကြောင့် ရထားလမ်းပိတ်ဆို့သွားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အေဒင်မြို့ ယီမင်ဘဏ်ခွဲ တိုက်ခိုက်မှုခံရ

**အေဒင် ဇူလိုင် ၁၄**

အေဒင်မြို့ရှိ ယီမင်နိုင်ငံ အမျိုးသားဘဏ်၏ ဘဏ်ခွဲတစ်ခုသည် ယမန်နေ့က လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့၏ တိုက်ခိုက်မှုကိုခံခဲ့ရပြီး လုံခြုံရေးဝန်ထမ်းသုံးဦးသေဆုံးခဲ့ကာ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘဏ်ခွဲမန်နေဂျာက အာမခံသေတ္တာကို ဖွင့်ပေးရန် ငြင်းဆိုခဲ့သဖြင့် ကြီးမားသည့် ငွေကြေးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိခဲ့ကြောင်း သိရသည်။

မျက်နှာဖုံးဝတ် လက်နက်ကိုင်အဖွဲ့ဝင် ရှစ်ဦးသည် ဘဏ်ခွဲကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာ ဝတ်စုံဝတ် လက်နက်ကိုင် လေးဦးက ဘဏ်ခွဲအတွင်းသို့ ဦးစွာ ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ထို့နောက် နောက်ထပ်လေးဦးက ဘဏ်ခွဲအတွင်း သေနတ်ဖြင့် ဦးတည်မဲ့ပစ်ခတ်ခဲ့ကြကြောင်း အမည်မဖော်လိုသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသို့ ပြောခဲ့သည်။

အဆိုပါ မျက်နှာဖုံးဝတ် လက်နက်ကိုင် ဘဏ်တိုက်ခိုက်သူများကို ယခုအချိန်အထိ ဖမ်းဆီးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ပထမဆုံးအကြိမ် ASEAN Makerthon ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအား ဖိတ်ခေါ်

**ရန်ကုန် ဇူလိုင် ၁၅**

စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ မလေးရှားနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပမည့် ASEAN Makerthon 2017 ပြိုင်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်လိုသော ကွန်ပျူတာပညာရှင်များကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်(MCF)က ဖိတ်ခေါ်ထားကြောင်း သိရသည်။

အာဆီယံနိုင်ငံများအတွင်းရှိ Maker များမှ တက်ရောက်ခွင့်ရရှိပြီး Maker များပါဝင်သည့် ခိုင်မာသည့်ကွန်ရက်တစ်ခု တည်ဆောက်သွားနိုင်ရန် ရည်ရွယ်၍ ပြိုင်ပွဲကိုပထမဆုံးအကြိမ် ကျင်းပရန် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် TELMIN အစည်းအဝေးမှ အတည်ပြုခဲ့သည်။ ဤပြိုင်ပွဲသည် အာဆီယံနိုင်ငံများမှ နည်းပညာဖန်တီးသူ(Maker)များက ၎င်းတို့၏ တတ်ကျွမ်းမှု စိတ်ကူးများနှင့် တီထွင်ဖန်တီးမှုများကို ပုံစံငယ်(Prototype)များ ဖန်တီးပြသနိုင်မည့်နေရာတစ်ခု ဖန်တီးပေးရန်အတွက်လည်း ရည်ရွယ်ကြောင်း သိရသည်။

ယခု ပထမဆုံးပြိုင်ပွဲ၏ Theme မှာ Internet of Things(IOT) ဖြစ်ပြီး အာဆီယံဒေသအတွင်း နည်းပညာဖွံ့ဖြိုးဆဲနိုင်ငံများတွင် IOT သည် ကြီးမားသည့်လှိုင်းလုံးတစ်ခုအဖြစ် ရိုက်ခတ်လျက်ရှိရာ အာဆီယံသည်လည်း လူငယ်လူရွယ်များကို နည်းပညာတိုးတက်မှု၏ အကျိုးကျေးဇူးများအကြောင်း သိရှိပညာပေးနိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။




သုံးရက်ကြာကျင်းပမည့် ပရိုဂရမ်၌ ပထမရက်တွင် IOT အကြောင်း အသိပညာဖြန့်ဝေသည့် အလုပ်ရုံဆွေးနွေးပွဲ(Workshop)၊ လေ့လာရေးခရီးများ ထည့်သွင်းထားကာ ပြိုင်ပွဲဝင်ရောက်ခွင့်ရသူများအနေဖြင့် ICT Industry ၏ IOT ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာခွင့်ရရှိမည်ဖြစ်သည်။ ကျန်နှစ်ရက်တွင် Makerthon နှင့် Mini Workshop များ ပါဝင်ပြီး 3D Printing, Drone နှင့် IOT Programing ကဲ့သို့သော Marker များအတွက်လိုအပ်သည့် Skill များကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

နည်းပညာဖန်တီးသူများအနေဖြင့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် ပြိုင်ပွဲပြီးဆုံးပါက IOT အကြောင်း ပိုမိုသိရှိနားလည်မည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲမှတစ်ဆင့် လက်တွေ့ကျွမ်းကျင်မှုများသာမက အာဆီယံနိုင်ငံများမှ နည်းပညာဖန်တီးသူအချင်းချင်း ခင်မင်ရင်းနှီးမှုနှင့် ချိတ်ဆက်မှုကိုလည်း ရရှိစေမည်ဖြစ်သည်။

ပြိုင်ပွဲ၏ Theme မှာ IOT ဖြစ်ပြီး Scope သတ်မှတ်ချက်မှာ Smart Cities, Health Care နှင့် Agriculture (Track, Trace, Improve, Reduce)တို့ ဖြစ်ကာ ဆုများအနေဖြင့် ပထမဆု အမေရိကန်ဒေါ်လာတစ်ထောင်၊ ဒုတိယဆု ဒေါ်လာ ၈၀၀ နှင့် တတိယဆု ဒေါ်လာ ၅၀၀ တို့ ချီးမြှင့်မည်ဖြစ်ကြောင်း၊ အထူးဆုများလည်း ပါဝင်မည်ဖြစ်ကာ ပါဝင်ယှဉ်ပြိုင်သူတိုင်းအားCertificate of Participation လက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲအတွက် လျှောက်လွှာများကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သို့ ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ပေးပို့ရမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ပဏာမ ရွေးချယ်မည်ဖြစ်သည်။ ပဏာမရွေးချယ်ခံရသူများသည် ဩဂုတ် ၅ ရက်တွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ရုံးခန်း၌ လာရောက်သရုပ်ပြရမည်ဖြစ်ပြီး မလေးရှားသို့ သွားရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခံရသည့် အဖွဲ့နှစ်ဖွဲ့ကို အသင်းချုပ်က ဩဂုတ် ၉ ရက်တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းတစ်သင်းလျှင် ကွန်ပျူတာအသင်းချုပ်၌ သရုပ်ပြစဉ် အဖွဲ့ဝင်အများဆုံး သုံးဦးအထိ ပါဝင်နိုင်သော်လည်း မလေးရှားသို့ သွားရောက်ရာတွင် အဖွဲ့ဝင်နှစ်ဦးသာ လက်ခံမည်ဖြစ်ကြောင်း၊ သတ်မှတ်ချက်နှင့် ပြည့်စုံသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သော်လည်း Makerthon ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ဖူးသူများ (သို့) Hackathon များ၊ Mobile နှင့် Application programming ပြိုင်ပွဲများတွင် ဝင်ပြိုင်ဖူးသူများ (သို့) Maker's tool များကို သုံးစွဲတတ်သူများ၊ IOT နှင့်ပတ်သက်၍ ဗဟုသုတရှိသူများကို ဦးစားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ချက်များအနေဖြင့် ပါဝင်ယှဉ်ပြိုင်သူများသည် အသက်(၁၈)နှစ် ပြည့်ပြီးသူ မြန်မာနိုင်ငံသားဖြစ်ရန်၊ တက္ကသိုလ်၊ ကောလိပ်နှင့် အသက်မွေးဝမ်းကျောင်းပညာများ (အမြင့်ဆုံး မာစတာတန်းအထိ) တက်ရောက်နေသူဖြစ်ရန်၊ အင်္ဂလိပ်စကား သွက်လက်စွာ ပြောဆိုနိုင်ရန်၊ အသင်းတစ်သင်းတွင်အဖွဲ့ဝင် အနည်းဆုံး နှစ်ဦးမှ အများဆုံးသုံးဦးသာ ပါဝင်ရန်၊ Arduino (သို့) Raspberry Pi (သို့) အခြေခံ လျှပ်စစ်နှင့် အီလက်ထရွန်နစ်အကြောင်း ဗဟုသုတရှိသူများဖြစ်ရန်တို့ကို သတ်မှတ်ထားသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သို့ လျှောက်လွှာများ ပေးပို့ရာတွင် သတ်မှတ်ထားသော Registration Form ကို ဖြည့်စွက်၍ ဖောင်နှင့်အတူ Project Proposal အကြောင်း ရှင်းပြထားသည့် သုံးမိနစ်ထက် မကျော်သော ဗီဒီယိုဖိုင်၊ သက်ဆိုင်ရာကျောင်းတွင် တက်ရောက်နေကြောင်း ထောက်ခံစာ၊ ပညာရေးနောက်ခံ အခြေအနေနှင့် အခြားပညာရပ်ဆိုင်ရာ အတွေ့အကြုံများကို သီးခြားစာရွက်ဖြင့် ပူးတွဲပေးရန် သတ်မှတ်ထားသည်။

ပြိုင်ပွဲနှင့်ပတ်သက်သည့် အချက်အလက်များကို www.mcmc.gov.my/aseammakerthon နှင့် www.skmm.gov.my/aseammakerthon ဝက်ဘ်ဆိုက်များတွင် ဖတ်ရှုနိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အဆောင်(၉) မြေညီထပ် MICT Park ဖုန်း-၀၁-၆၅၂၃၀၇ နှင့် ၀၁- ၂၃၀၅၂၃၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## ကျန်းမာရေးကွန်ရက်အဆောက်အအုံအတွက် အူရီဒူးမှ ဒေါ်လာ ၃၁ သိန်း လှူဒါန်းထား

**ရန်ကုန် ဇူလိုင် ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ UNOPS နှင့် အူရီဒူးမြန်မာတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းတွင် အခြေခံကျန်းမာရေးကွန်ရက် အဆောက်အအုံ ၁၇ ခုကို ဆောက်လုပ်သွားမည်ဖြစ်ပြီး အူရီဒူးမြန်မာက အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ သန်း ပံ့ပိုးလှူဒါန်းထားကြောင်း သိရသည်။

ကျန်းမာရေးကွန်ရက် အဆောက်အအုံများကို ဆောက်လုပ်ပေးခြင်းဖြင့် ကျန်းမာရေးဝန်ဆောင်မှု ရရှိနိုင်မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုအရည်အသွေး တိုးတက်လာခြင်းကြောင့် အဆိုပါဒေသများရှိ လူဦးရေ ၉၀၀၀၀ ကျော်အား အကျိုးရှိစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း လိုအပ်ချက်ရှိသည့်နေရာများတွင် အဆိုပါကျန်းမာရေးကွန်ရက် အဆောက်အအုံ ၁၇ ခုကို ဆောက်လုပ်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက နေရာရွေးချယ် သတ်မှတ်ပေးကြောင်း သိရသည်။

အဆိုပါ အခြေခံကျန်းမာရေး စောင့်ရှောက်မှု အဆောက်အအုံတိုင်းတွင် ကလေးမီးဖွားခန်း၊ မွေးကင်းစကလေးငယ်နှင့် ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှု၊ ကူးစက်လွယ်ရောဂါများကို ကာကွယ်ပေးခြင်း စသည့်ဝန်ဆောင်မှုများကို ပေးအပ်မည်ဖြစ်ကာ အရေးပေါ်အခြေအနေများတွင် အသုံးပြုရန် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်နှင့် မိုးရေသိုလှောင်ရန် ရေကန်များ ပါဝင်မည်ဟု သိရသည်။ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးသည့်အခါ အူရီဒူးမြန်မာမှ အင်တာနက်ကွန်ရက်များ ချိတ်ဆက်ခြင်းဖြင့် ပံ့ပိုးကူညီမည်ဟု သိရသည်။ အဆိုပါ အဆောက်အအုံ ၁၇ ခုထဲမှ တစ်ခု ဖြစ်သော ရှမ်းပြည်နယ် တောင်လေးလုံးမြို့နယ်မှ အဆောက်အအုံကို ဇူလိုင်လဆန်းက ပန္နက်ရိုက်မင်္ဂလာကျင်းပခဲ့ကြောင်း သိရသည်။

**သူရဖြိုး**

## ယာဉ်ကြောပိတ်ဆို့ရာနေရာများကိုသိနိုင်မည့် လုပ်ဆောင်ချက်သစ် Google Map တွင် ပါဝင်လာ

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်မြို့မှ Google Map အသုံးပြုသူများအနေဖြင့် မိမိတို့နေရာ အနီးတစ်ဝိုက်မှ ယာဉ်ကြောပိတ်ဆို့သည့်နေရာများကို သိရှိနိုင်မည့်အပြင် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့ရာ နေရာများကို Google Map မြေပုံပေါ်မှ ကြည့်နိုင်မည့် Traffic Nearby လုပ်ဆောင်ချက်အသစ်ကို ဇူလိုင် ၆ ရက်မှစ၍ အသုံးပြုနိုင်ကြောင်း သိရသည်။

Google Map အပလီကေးရှင်းကို မိုဘိုင်းဖုန်းများတွင် ထည့်သွင်းကာ GPS နှင့်ချိတ်ဆက်၍ အသုံးပြုထားသူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် ယာဉ်ကြောပိတ်ဆို့သည့်နေရာများ ရှိနေပါက အပလီကေးရှင်းက အချက်ပေးမည်ဖြစ်ကာ အချက်ပေးသည့်နေရာများ၏ ယာဉ်ကြောပိတ်ဆို့မှု အခြေအနေကို မြေပုံပေါ်တွင် တိုက်ရိုက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် ရန်ကုန်မြို့မှ မိမိသွားလိုသည့်နေရာများ၌ ယာဉ်ကြောပိတ်ဆို့မှုအခြေအနေကိုလည်း Google Map အပလီကေးရှင်း၏ Traffic Nearby လုပ်ဆောင်ချက်မှတစ်ဆင့် မြေပုံပေါ်တွင် ကြိုတင်ကြည့်ရှုနိုင်မည်ဖြစ်သည်။




Google Map မိုဘိုင်းအပလီကေးရှင်းတွင် Traffic Nearby လုပ်ဆောင်ချက်မှာ ဇူလိုင် ၆ ရက်မှစ၍ ပါဝင်လာခြင်းဖြစ်ပြီး Google Map ကို မိုဘိုင်းဖြင့် မဟုတ်ဘဲ ကွန်ပျူတာများမှ အသုံးပြုသူများအနေဖြင့်မူ အနီးအနားမှ ယာဉ်ကြောပိတ်ဆို့မှုများကို အချက်ပြပေးသည့် Traffic Nearby လုပ်ဆောင်ချက်ကို သုံးနိုင်မည်မဟုတ်ဘဲ Traffic လုပ်ဆောင်ချက်မှတစ်ဆင့် မြေပုံပေါ်တွင် မိမိကြည့်လိုသည့်နေရာ၏ ယာဉ်ကြောပိတ်ဆို့မှု အခြေအနေကိုသာ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

New Product

## ဆယ်လ်ဖီကင်မရာအတွက် ဖလက်ရှ်မီးပါဝင်တဲ့ Huawei Y5 2017

Huawei Y5 2017 ဟာ နိုင်ငံတကာမှာ ပြီးခဲ့တဲ့ ဇွန်လအတွင်းက ရောင်းချခဲ့ပြီး ပြည်တွင်းမှာတော့ ဇူလိုင်လဆန်းကမှ မိတ်ဆက်ထားတဲ့ ဟွာဝေးရဲ့ စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပါတယ်။ ဟွာဝေးရဲ့ဖုန်းအများစုဟာ P series ကလွဲရင် ဈေးသက်သာလေ့ရှိတဲ့အတိုင်း Y5 2017 ဟာလည်း အရည်အသွေးပိုင်းမှာ စိတ်ချရပြီး ဈေးနှုန်းအားဖြင့်လည်း သက်သာတဲ့ မော်ဒယ်သစ်တစ်ခုဖြစ်ပါတယ်။

မျက်နှာပြင်အကျယ် ၅ လက်မရှိလို့ အရွယ်အစားအနေနဲ့ အလတ်စားဖုန်းထဲကဖြစ်ပြီး Screen Resolution က 720x1280 pixels ရှိလို့ ရုပ်ထွက်ပိုင်း ကောင်းမွန်ပါတယ်။ အန်းဒရွိုက်ဗားရှင်း 6.0(Marshmallow)ကို ဟွာဝေးရဲ့ Emotion UI 4.1 နဲ့ ပေါင်းစပ်ထားပါတယ်။ CPU က Quad-core 1.4 GHz ဖြစ်ပြီး RAM 2GB နဲ့ အင်တာနယ်မင်မိုရီ 16GB ပါဝင်ပါတယ်။ မင်မိုရီကတ်စိုက်ဖို့ သီးသန့်အပေါက်တစ်ခုပါဝင်ပြီး 128GB အထိ ထပ်စိုက်သုံးနိုင်ဖို့ ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာတော့ ၅ မဂ္ဂါပစ်ဇယ်ရှိတဲ့ ဆယ်လ်ဖီကင်မရာနဲ့ ၈ မဂ္ဂါပစ်ဇယ်ရှိတဲ့ နောက်ကင်မရာတွေ ပါဝင်ပါတယ်။ ဆယ်လ်ဖီကင်မရာအတွက် ဖလက်ရှ်မီးလည်း ပါဝင်နေခြင်းက ဆယ်လ်ဖီရိုက်လိုသူတွေအတွက် အကြိုက်တွေ့စေမယ့်အချက်ဖြစ်ပါတယ်။ နောက်ကင်မရာကတော့ ၈ မဂ္ဂါပစ်ဇယ်ပဲရှိလို့ ကင်မရာအမြင့်တွေပါတဲ့ ဖုန်းသစ်တွေအများအပြား ထုတ်လုပ်နေချိန်မှာ အားနည်းချက်လို့ ဆိုနိုင်ပါတယ်။

နက်ဝပ်အနေနဲ့ မိုဘိုင်းနက်ဝပ်အတွက် GSM နက်ဝပ်ဖြစ်ပြီး အင်တာနက်အတွက် 4G(LTE) ကို ထောက်ပံ့ပေးထားပါတယ်။ ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာတော့ Li-Ion 3000 mAh ဘက်ထရီကို အသုံးပြုထားလို့ စွမ်းရည်မြင့်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ ရွှေရောင်၊ ပန်းရောင်၊ အပြာရောင်၊ အဖြူရောင်နဲ့ မီးခိုးရောင်တို့ကို ရရှိနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ကျပ် ၁၇၉၀၀၀ ဖြစ်ပါတယ်။

**သူရဖြိုး**



# ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းနှစ်ကျောင်းယာယီပိတ်ထားရ




**မင်းဘူး ဇူလိုင် ၁၄**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ရောဝတီမြစ်ကမ်းပါးအနီးရှိ ကျေးရွာအချို့ မြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်း နှစ်ကျောင်းမှာ ယာယီပိတ်ထားရကြောင်း သိရသည်။

မင်းဘူးမြို့နယ်အတွင်းရှိ နိဗ္ဗာန်ကျွန်းကျေးရွာမှ အလယ်တန်းကျောင်း(ခွဲ)၊ ထုံးမကျီးကျေးရွာမှ အမကကျောင်းတို့အတွင်း မြစ်ရေများ ဝင်ရောက်လာပါသဖြင့် ကျောင်းသား ကျောင်းသူများ စာသင်ကြားရန် အခက်အခဲဖြစ်နေပြီး ဇူလိုင် ၁၂ ရက်မှ စတင်ကာ ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ရောဝတီမြစ်ရေသည် နေ့စဉ် ၃၀ စင်တီမီတာခန့် မြင့်တက်နေသဖြင့် မြစ်ကမ်းပါးနေကျေးရွာများ ရေနစ်မြုပ်ဝင်ရောက်နိုင်ကြောင်း သက်ဆိုင်ရာမှ သတိပေးကြေညာထားပြီး ဇူလိုင် ၁၄ ရက် နံနက်ပိုင်း တိုင်းတာချက်များအရ ၁၅၆၆ စင်တီမီတာသို့ ရောက်ရှိနေပြီး မင်းဘူးမြို့စိုးရိမ်ရေအမှတ်သည် ၁၇၀၀ စင်တီမီတာဖြစ်ကြောင်း မင်းဘူးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**မင်းဘူး(ပြန်/ဆက်)**

# မန္တလေးမြို့တွင် ရောဝတီမြစ်ရေမြင့်တက်လာသဖြင့် သဲအိတ်များ ကြိုတင်ပြင်ဆင်ထား

**မန္တလေး ဇူလိုင် ၁၄**
ရောဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြို့နယ်ခြောက်မြို့နယ်တွင် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် မန္တလေး မြစ်ကြောင်းတစ်လျှောက်တွင် သဲအိတ်များ ကြိုတင်ပြင်ဆင်ချထားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းရေးဌာနမှ ဌာနခွဲမှူး ဦးစိုးတင့်အောင်က ပြောသည်။

မြစ်ရေမြင့်တက်လာမှုကြောင့် ရပ်ကွက်အတွင်း ရေကြီး ရေလျှံမှုများမဖြစ်ပေါ်စေရေးအတွက် မန္တလေးခြောက်မြို့နယ်ဖြစ်သော အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်နှင့် အမရပူရမြို့နယ်များတွင် သဲအိတ်များ ကြိုတင်ပြင်ဆင်ချထားခြင်းဖြစ်ကြောင်း သိရသည်။

"မြစ်ရေက တဖြည်းဖြည်းမြင့်တက်လာတဲ့အတွက် စိုးရိမ်ရေမှတ်အထိ မရောက်ပေမယ့်လည်း ရေကင်းတွေလည်းချထားတဲ့အပြင် အခုလို သဲအိတ်တွေလည်း လူအင်အားသုံးကာ ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ သဘာဝဘေးဆိုတာ ခန့်မှန်းလို့မရဘူး။ ဒါကြောင့် ကြိုတင်ပြင်ဆင်ထားတာပါ"ဟု ၎င်းကပြောသည်။

သဲအိတ်များ ကြိုတင်ချထားမှုအနေဖြင့် ရေကြီးရေလျှံမှု အများဆုံးဖြစ်ပေါ်နိုင်သည့် ပြည်ကြီးတံခွန်နှင့် အမရပူရမြို့နယ်များတွင် သဲအိတ်ငါးထောင်စီ ကြိုတင်ချထားပြီး ကျန်လေးမြို့နယ်တွင် သဲအိတ်သုံးထောင်စီ ကြိုတင်ချထားကြောင်း သိရသည်။

"မန္တလေးက စိုးရိမ်ရေမှတ်ရောက်ဖို့ သိပ်မလိုတော့ဘူး။ ဒီလထဲမှာ စိုးရိမ်ရေမှတ်ကို ရောက်နိုင်တယ်။ ဒါကြောင့် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားသင့်ပါတယ်"ဟု တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်က ပြောသည်။

"မန္တလေးမြို့၏ အမြင့်ဆုံးစိုးရိမ်ရေမှတ်မှာ ၁၂၆၀ စင်တီမီတာဖြစ်ပြီး လက်ရှိ ဇူလိုင် ၁၄ ရက် တိုင်းတာချက်များအရ မန္တလေးမြို့၌ ရောဝတီမြစ်ရေသည် ၁၁၈၇ စင်တီမီတာသို့ ရောက်ရှိနေပြီး ဇူလိုင်လနှင့် ဩဂုတ်လအတွင်း အမြင့်ဆုံးစိုးရိမ်ရေမှတ်အထက်သို့ တစ်ကြိမ်ရောက်ရှိနိုင်ကြောင်း အဆိုပါဌာနက ခန့်မှန်းထားသည်။

မန္တလေးမြို့၏ မြစ်ရေမြင့်တက်မှု မှတ်တမ်းများအနေဖြင့် ၂၀၀၄ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ၁၃၈၂ စင်တီမီတာအထိ မြင့်တက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၁ ရက်တွင် ၁၃၂၅ စင်တီမီတာအထိ ရောက်ရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ချင်းတွင်းမြစ်ရေ ခန္တီးမြို့မှလွဲ၍ ကျန်မြို့များတွင် စိုးရိမ်ရေမှတ်အထက်တည်ရှိ

**ဇူလိုင် ၁၄**
ချင်းတွင်းမြစ်တစ်လျှောက် ခန္တီးမြို့မှလွဲ၍ ကျန်မြို့များ၏ စိုးရိမ်ရေမှတ်အထက်တွင် ရှိနေရာ မုံရွာမြို့အနေဖြင့် ဇူလိုင် ၁၈ ရက်အထိ စောင့်ကြည့်သွားရန်လိုသလို နောက်ထပ်အနည်းဆုံး ခြောက်လက်မမှ အများဆုံးတစ်ပေခန့်အထိ ဆက်တက်နိုင်သေးကြောင်း တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးမှူး ဦးမြင့်သိန်းထံမှ သိရသည်။

"ချင်းတွင်းမြစ် ရေကြီးနေတာနဲ့ပတ်သက်ပြီး မုံရွာမြို့အနေနဲ့ ဇူလိုင် ၁၈ ရက်အထိ စောင့်ကြည့်ဖို့လိုပါတယ်။ လက်ရှိ ဇူလိုင် ၁၄ ရက် ညနေပိုင်းမှာ မုံရွာ၌ ၁၀၇၅ စင်တီမီတာရှိပါတယ်။ ၂၀၁၆ ခုနှစ် ဇူလိုင်လက မုံရွာမှာအများဆုံး ၁၀၆၄ စင်တီမီတာအထိပဲ တက်ခဲ့တာပါ"ဟု ဦးမြင့်သိန်းက ပြောသည်။ ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ခန္တီးမြို့တွင် စိုးရိမ်ရေမှတ်အောက် နှစ်ပေ ခုနစ်လက်မခန့်ထိရောက်ရှိနေပြီး ကျန်သည့် ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ ကနီ၊ မုံရွာမြို့တို့တွင် စိုးရိမ်မှတ်အထက် ရောက်ရှိနေခြင်းဖြစ်ကြောင်း မုံရွာ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ မိုးရေမှတ်တမ်းများအရ သိရသည်။ ထူးခြားချက်အနေဖြင့် မော်လိုက်မြို့တွင် စိုးရိမ်ရေမှတ် ၁၂၃၀ စင်တီမီတာအထက် ခုနစ်ပေ သုံးလက်မအထိ မြင့်တက်နေပြီး ကလေးဝမြို့တွင် စိုးရိမ်ရေမှတ်အထက် ခြောက်ပေကျော်၊ မြစ်သာမြစ်သည် စိုးရိမ်ရေမှတ်ထက် ခြောက်ပေကျော် မြင့်တက်နေကြောင်း သိရသည်။

"လောလောဆယ် မော်လိုက်နဲ့ကလေးကလွဲရင် ကျန်တဲ့နေရာတွေမှာ မိုးရွာတာနည်းသွားပါပြီ။ မြစ်ရေက မုံရွာအနေနဲ့ပြောရရင် ရေတက်နှုန်းက မငြိမ်ပါဘူး။ ဇူလိုင် ၁၁ ရက် နဲ့ ၁၂ ရက်ဝန်းကျင်ကတစ်ရက်လုံး ငါးစင်တီမီတာလောက် တက်ခဲ့ပေမယ့် ဇူလိုင် ၁၂ ရက်နဲ့ ၁၃ ရက်မှာတော့ ၁၃ စင်တီမီတာအထိ တက်လာပြန်တာတွေ့ရပါတယ်။ လက်ရှိမှာတော့ ရေတက်နှုန်းက တက်တော့တက်ဦးမှာ မှန်ပေမယ့် နှေးနေတာတွေ့ရပါတယ်"ဟု ဦးမြင့်သိန်းက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး

**နေပြည်တော် ဇူလိုင် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ဇူလိုင် ၁၃ ရက်က ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး မော်လိုက်မြို့ သရက်ကုန်းရပ်ကွက်အတွင်း မြစ်ရေများဝင်ရောက်လာသဖြင့် မော်လိုက်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ရေဘေးမလွတ်သည့် အိမ်ထောင်စုသုံးစုအား ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# ငါးသိုင်းချောင်းမြို့၌ ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် စတင်ရောက်ရှိ

**ငါးသိုင်းချောင်း ဇူလိုင် ၁၄**
ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ ငဝန်မြစ်ရေသည် ဇူလိုင် ၁၄ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ ၂၇ ဒသမ ၂ ပေရှိပြီး မြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသော်လည်း ဒေသခံများအနေဖြင့် ပုံမှန် ဆက်သွယ် သွားလာနိုင်လျက်ရှိကြောင်း သိရသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မိုးရာသီမတိုင်မီကပင် မြို့နယ်အတွင်းမှ အရှည် ၂၂ မိုင်ရှိ ငဝန်ရေ ကာတာ၏ တာမိုင် (၅၀/၂ မှ ၅၂/၄) အတွင်းနှင့် တာမိုင် ၅၇ မှ ၅၈ အတွင်း တာပေါင်မြှင့်တင်ခြင်း အကြီးစားပြင်ဆင်မှု၊ ကညင်ငူနှင့် ဗောဓိကုန်းရေကင်းစခန်း အနီး ကမ်းထိန်းရေလွှဲတန်းရိုက် ပြင်ဆင်မှုများ ကြိုတင်ဆောင်ရွက်ခဲ့သလို ၂၀၁၆ မိုးရာသီကာလအတွင်းက ငဝန်မြစ်ရေကြီးမြင့်မှုကြောင့် ရေကာတာရေယိုစိမ့်မှု ဖြစ်ပေါ်ခဲ့သည့်နေရာ ၄၅ နေရာ၌လည်း မြေသားခွဲစိတ်ပြုပြင်ခြင်းနှင့် တာပေါင်မြှင့် ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း သိရသည်။

ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ရောက်ရှိလာသည့် လက်ရှိအချိန်တွင်လည်း ဌာနရေကင်း လေးခုနှင့်အတူ ရေကာတာတစ်လျှောက်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၀ တို့တွင် ရေကင်းများ ချထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေသော်လည်း လက်ရှိရေအမှတ်တွင် တာတမံကြံ့ခိုင်မှုမှာ ကောင်းမွန်နေဆဲဖြစ်ပြီး အရေးပေါ်အခြေအနေအတွက်လည်း ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းမော်က ပြောသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# မြင်းမူမြို့နယ်၌ မြစ်ရေဝင်ရောက်သဖြင့် ကျောင်းပိတ်ထားရ

**မြင်းမူ ဇူလိုင် ၁၄**
မြင်းမူမြို့နယ် လက္ကပင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အတွင်း ဇူလိုင် ၁၃ ရက်က မြစ်ရေဝင်ရောက်သောကြောင့် ဇူလိုင် ၁၄ ရက်တွင် KG ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းများပိတ်ထားပြီးပြီ ကျန်အတန်းများ ဖွင့်ထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

မြင်းမူမြို့နယ် လက္ကပင်ကျေးရွာတွင် အိမ်ခြေ ၂၉၂ လုံး ၊ အိမ်ထောင်စု ၂၉၇ စု၊ လူဦးရေ ၁၄၄၃ ဦးရှိကာ စိုက်ပျိုးသီးနှံများ လောလောဆယ် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ အကယ်၍ ရောဝတီမြစ်ရေဝင်ရောက်ပါက ကောက်ကြီးပျိုးခင်း ဧက ၃၀ ပျက်စီးသွားမည့်အပြင် အိမ်ခြေ ၁၀၈ အိမ်ခန့်လည်း ရေဝင်ရောက်နိုင်ကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးမင်းဆွေ ဦးဆောင်ပြီး ရွာသူရွာသားများဖြင့် ကမ်းပါးအက်ကွဲပဲ့ကျနေရာတွေ တစ်လျှောက် မြစ်ဘက်တွင် ဝါးလုံး၊ သစ်ကိုင်းများစိုက်ပြီး ဇူလိုင် ၁၃ ရက်က လက္ကပင် ကမ်းနဖူးမှ အက်ကွဲပဲ့ကျနေရာမှ ကျိုးကျ၍ ရွာထဲလမ်း အိမ်ဝင်းတချို့ ရေများဝင်ရောက်ခဲ့ကြောင်း ယနေ့နံနက် မြစ်ရေတိုင်းထွာချက်အရ မြင်းမူမြို့၌ ၁၁၀၀ စင်တီ မီတာရှိပြီး စိုးရိမ်ရေအမှတ်မှာ ၁၁၅၀ စင်တီမီတာရှိကြောင်း သိရသည်။

(၀၇၇)

# တရားဝင်စာရွက်စာတမ်းမရှိသည့် ယာဉ်ငါးစီးဖမ်းမိ

**နေပြည်တော် ဇူလိုင် ၁၄**
တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၈ စီး၊ သွင်းကုန် ၅၆၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၀ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၃ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၆၁၆ သန်းခန့်ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၁၃ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Toyota Crown တစ်စီး၊ Toyota Kluger တစ်စီး၊ Honda Fit တစ်စီး၊ Honda CRV တစ်စီး၊ Nissan X-Trail တစ်စီး ယာဉ်များအား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ရေဆက်လက်ဝင်ရောက်နေ၍ ပြောင်းရွှေ့ပေးခြင်းနှင့် ရေကင်းလှည့်ခြင်းများဆောင်ရွက်နေ

**ကနီ ဇူလိုင် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် ချင်းတွင်းမြစ်ရေသည် ဆက်လက် မြင့်တက်လျက်ရှိပြီး ဇူလိုင် ၁၄ ရက်တွင် ကနီမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေကျော်ခန့် မြင့်တက်လျက်ရှိကာ ရပ်ကွက်များသို့ မြစ်ရေ ဆက်လက်ဝင်ရောက်နေ၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ခံ ဦးစီးမှူး ဦးထိန်လင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ကနီမြို့ဟိတပုည လူမှုကူညီရေးအသင်းမှ လူငယ်များက အမှတ်(၁)ရပ်ကွက်ရှိ ရေဝင်နေသောအိမ်များမှ ပစ္စည်းများ ပြောင်းရွှေ့ပေးခြင်း၊ သောက်သုံးရေများ လှည့်လည်ပေးဝေခြင်းနှင့် ရေကင်းလှည့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြစ်ရေမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီး ရေလွတ်ရာ ကုန်းပိုင်းများတွင် အချိန်မီရွှေ့ပြောင်းနိုင်ရန် ပြင်ဆင်ထားကြောင်း၊ သဘာဝဘေး ကြိုတင်သတိပေး နှိုးဆော်ခြင်းနှင့် ရေကင်းများလှည့်လည်ခြင်းကိုလည်း ဇူလိုင် ၁၄ ရက်မှ စတင်ဆောင်ရွက်ပေးနေကြောင်း မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထို့အပြင် ရေဝင်ရောက်သည့် ပြည်သူများက ဆက်သွယ်ပြီး အကူအညီတောင်းခံမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ကနီမြို့အခြေစိုက် မြို့နယ် ဇလဗေဒစခန်းမှ တရားဝင်ထုတ်ပြန်ချက်အရ ဇူလိုင် ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ကနီမြို့၌ ချင်းတွင်းမြစ်ရေသည် ၁၃၀၆ စင်တီမီတာအထိ တက်ရောက်ခဲ့ကာ မြို့၏စိုးရိမ်ရေမှတ် ၁၂၇၀ စင်တီမီတာအထက် (တစ်ပေကျော်ခန့်) ကျော်လွန်ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

## ဦးကိုနီလုပ်ကြံမှုတွင်ပါဝင်သည့် ကြည်လင်းပါလေးဦးအား ရုံးထုတ်၊ တရားလိုပြသက်သေနှစ်ဦးစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုတွင် သေနတ်သမားကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့လေးဦးအား ယနေ့နံနက် ၁၀ နာရီ ၅ မိနစ်တွင် အင်းစိန်မြို့နယ်ရှိ မြောက်ပိုင်းခရိုင် တရားရုံးသို့ ရုံးထုတ်ခဲ့ရာ တရားလိုပြသက်သေ ရဲတပ်သားနှစ်ဦးအား စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင် ဒုတိယတရားသူကြီး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဦးရဲလွင်က သတင်းမီဒီယာများအား ပြောကြားရာတွင် "ဒီနေ့မှာ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် (၄၅/၂၀၁၇)တရားလို ရဲအုပ်မိုးနိုင်နဲ့ တရားခံကြည်လင်း (ခ)ဖိုးထူးပါ (၄) ရာဇသတ်ကြီးပုဒ်မ (၁၀၂/ ၃၄/၂၁၂) အမှုမှ လိုပြသက်သေ ရဲတပ်သားနိုင်ဇော်နဲ့ သက်အာကာစိုးတို့ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ဟာ အမှတ်(၅)လုံခြုံရေးတပ်ဖွဲ့က ဖြစ်ပါတယ်။ တရားလိုဘက်ကနေ အထူးခုံရုံးကိုတင်ပြတဲ့အတွက် အခင်းဖြစ်တဲ့နေ့က သူတို့ကိုယ်တိုင်မြင်တွေ့တာနဲ့ပတ်သက်ပြီး စစ်ဆေးပါတယ်။ လာမယ့်အပတ်ရုံးချိန်းကိုတော့ ဇူလိုင် ၂၁ ရက် သောကြာနေ့ကို ထပ်မံချိန်းဆိုထားပါတယ်"ဟု ပြောကြားသည်။

သေဆုံးသူတက္ကစီသမား ဦးနေဝင်းမိသားစု၏ အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်က "ဒီနေ့ရဲတပ်သားနှစ်ယောက်ကို စစ်တယ်။ နှစ်ဦးစလုံးက စွပ်စွဲခံထားရသူ ကြည်လင်းကို လက်ရဖမ်းဆီးတဲ့အထဲမှာ အဓိကပါဝင်ခဲ့တဲ့ပုဂ္ဂိုလ်တွေဖြစ်တယ်။ သေနတ်သံကြားတဲ့အကြောင်း၊ သူ့ကို နောက်ကနေလိုက်တဲ့အကြောင်း၊ ကားပေါ်တက်တယ်။ ဖမ်းမိတယ်။ အထက်အရာရှိ ဒုတိယရဲမှူးကြီး တင်မင်းဦးက အမိန့်ပေးတော့ လက်ထိပ်ခတ်တယ်။ လွယ်အိတ်ထဲရှာတယ်။ သေနတ်တွေတွေ့တယ်။ ရဲအုပ်မိုးနိုင်ကိုပေးလိုက်တယ်။ အသေးစိတ်တော့ ထွက်ဆိုသွားပါတယ်။ ထွက်ဆိုချက်က ရှေ့နောက်ကွင်းဆက်ထိထိမိမိရှိပါတယ်။ စွပ်စွဲခံရသူဘက်ကလည်း ရုံးချိန်းတစ်ချိန်းကို သက်သေတိုးစစ်ဖို့တင်ပြချက်ကလည်း တရားမျှတပါတယ်။ သက်သေက အယောက် ၈၀ ရှိတော့ ရုံးချိန်းတစ်ချိန်းကို ငါးယောက်လောက်စစ်နိုင်ရင်ပိုကောင်းပါတယ်"ဟု ပြောကြားခဲ့သည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် လိုက်ပါလာသော မော်တော်ယာဉ် မတော်တဆမှုဖြစ်

**ဘားအံ ဇူလိုင် ၁၄**

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့် စီးနင်းလိုက်ပါလာသော Prado ယာဉ်အမှတ် 6c/ ------- မော်တော်ယာဉ်သည် ယနေ့နံနက် ၇ နာရီ ၁၀ မိနစ်ခန့်က ဘားအံ - လှိုင်းဘွဲ့ကားလမ်း မိုင်တိုင်အမှတ် 2-KM ရေအရင်းအမြစ်ရုံးအနီး ဂေါက်ကွင်းရှေ့အရောက်၌ ကားတိုက်ရှေ့ပြုတ်ပြီး လမ်းယာဘက်သို့ ထိုးကျသွားကာ လုံးပတ်သုံးပေခန့်ရှိ ကျွန်းပင်အားဝင်ရောက်တိုက်မိခဲ့ရာမှ ပြည်နယ်ဝန်ကြီးချုပ်သည် ထိခိုက်ဒဏ်ရာများ ရရှိသွားခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကလေးဆရာတော် အရှင်ပညာသာမိ၏ မွေးနေ့မင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန် ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယာဉ်တန်းဖြင့်သွားရောက်စဉ် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မော်တော်ယာဉ်ရှေ့ခန်း၌ လိုက်ပါလာသော ယာဉ်မောင်းနှင့် ကိုယ်ရေးအရာရှိတို့မှာ လုံခြုံရေးလေအိတ်ပွင့်ပြီး ထိခိုက်ဒဏ်ရာ ရရှိခြင်းမရှိဘဲ ပြည်နယ်ဝန်ကြီးချုပ်မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှတစ်ဆင့် ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသမှုခံယူနိုင်ရန် ထွက်ခွာသွားကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## လူသတ်ပြီး ထွက်ပြေးတိမ်းရှောင်နေသော ပြစ်မှုကျူးလွန်သူသုံးဦးကို ၂၄နာရီအတွင်း ဖမ်းဆီးရမိ

**ဖားကန့် ဇူလိုင် ၁၄**

ဖားကန့်မြို့နယ်တွင်းဖြစ်ပွားခဲ့သော လူသတ်မှုနှင့်ပတ်သက်ပြီး ထွက်ပြေးတိမ်းရှောင်နေသော ပြစ်မှုကျူးလွန်သူသုံးဦးကို သတင်းအရ ဇူလိုင် ၁၂ ရက်က ကချင်ပြည်နယ် ကာမိုင်းနယ်မြေစခန်းမှူး ရဲအုပ်ဇာမဲဖုန်ရမ် ဦးစီးအဖွဲ့၊ နန့်ယားပြည်သူ့စစ် ဦးဝင်းနိုင်နှင့်အဖွဲ့၊ အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းအဖွဲ့များက ဖမ်းဆီးရာ ပြစ်မှုကျူးလွန်သူ ကျော်ဆန်းဝင်း (ခ)ဆံရှည်(၂၇နှစ်)၊ ဘစော(၃၁နှစ်)၊ နေဇော်ဦး(ခ) ဇော်ဇော်ဦး (၂၈နှစ်)၊ နန့်ယားကျေးရွာနေသူတို့အား သက်သေခံဓားမြှောင်တို့နှင့်အတူ၂၄ နာရီ အတွင်း ဖမ်းဆီးနိုင် ခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီက ကျော်ဆန်းဝင်း (ခ) ဆံရှည်သည် နန့်ယားကျေးရွာ ငုတ်တစ်ထောင်လယ်ကွင်းတွင် နွားကျောင်းနေစဉ်- နေဇော်ဦး (ခ)ဇော်ဇော်ဦးနှင့် ဘစောတို့နှစ်ဦးရောက်လာ၍ လယ်ကွင်းဘေး၌ ယခင်နေ့က ဝယ်ယူထားသည့် ကချင်အရက်တစ်ဘူးအား သောက်ခဲ့ကြောင်း၊ အရက်ကုန်သွား၍ ၎င်းတို့သုံးဦးမှာ မူးနေပြီး ဦးသန်းတင်၏ နေအိမ်သို့သွားရောက်ခဲ့ရာ မထွေးငယ်အား တွေ့ရှိ၍ ကျော်ဆန်းဝင်း(ခ)ဆံရှည်က မထွေးငယ်အား ချစ်ကြိုက်ကြောင်း ပြောခဲ့ရာ မထွေးငယ်က ဆဲဆိုပြီးရိုင်းပျစွာ ပြန်လည်ပြောဆိုသဖြင့် သည်းမခံနိုင်၍ ခါးတွင် ပါလာသည့် ဓားချွန်ဖြင့် အချက်ပေါင်းများစွာ ထိုးသတ်ခဲ့သဖြင့် ကာမိုင်းရဲစခန်းက အမှုဖွင့်အရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စိုးနိုင်ဦး(ဖားကန့်)**

## မိုင်းယုကျေးရွာ သစ်တောစိုက်ခင်းအနီး လက်လုပ်မိုင်းတစ်လုံးတွေ့ရှိ

**မူဆယ် ဇူလိုင် ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅) ကျေးရွာနှင့် သုံးမိုင်ခန့်ကွာဝေးသည့် မိုင်းယုကျေးရွာ သစ်တောစိုက်ခင်းအမှတ် ၂/၂၀၀၀ ထင်းရှူးဧက ၅၀ စိုက်ပျိုးထားသည့်နေရာတွင် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ဒေသခံရွာသားတစ်ဦးမှ ချုံခုတ်ရှင်းလင်းရာတွင် ဟန်းကောချိုင့်ဖြင့် ယမ်းများထည့်ပြီး ထောင်ထားသော လက်လုပ်မိုင်းတစ်လုံးအား တွေ့ရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားသည့်နေရာသို့ နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိသော နယ်မြေခံတပ်မှ တာဝန်ရှိသူများ ရောက်ရှိလာပြီး မိုင်းထောင်ထားသည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ရာ လက်လုပ်မိုင်းဖြစ်နေကြောင်း သိရသဖြင့် ယင်းနေ့ ညနေ ၆ နာရီခန့်က ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## တောင်ငူမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၉၆ ပြားသိမ်းဆည်းရမိ

**တောင်ငူ ဇူလိုင် ၁၄**

တောင်ငူမြို့ ၁၁ ရပ်ကွက် မြို့ထောင့်ကျောင်းအနီး ရှမ်းတံတားလမ်းနေသူ ဇော်ဇော်(ခ)မြင့်ဇော်၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီခန့်က တောင်ငူခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်တင်ဦးနှင့် ရဲအုပ် စိုင်းသီဟန်လင်း ဦးဆောင်သည့်အဖွဲ့များက ဝင်ရောက်စစ်ဆေးဖမ်းဆီးခဲ့သည်။

နေအိမ်အပေါ်ထပ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၆၉ ပြားနှင့်အတူ ဓားရှည်တစ်ချောင်း၊ လုံအသွားတပ် ပိုက်လုံးတစ်ခုနှင့် လေးခွတို့အား ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် မူးယစ်ဆေးရောင်းချသော ဇော်ဇော်(ခ) မြင့်ဇော်(၂၇နှစ်)အား စစ်ဆေးခဲ့ရာမှ မူးယစ်ဆေးဝါးကွင်းဆက်ဖြစ်သူ စည်သူအောင် (၂၇နှစ်) ရုံးရပ်ကွက် ဖြူးမြို့နေသူနှင့် သူရအောင် (၂၄နှစ်) မြို့မအနောက်ရပ်ကွက် ဖြူးမြို့နေသူတို့အား တောင်ငူမြို့ ၁၆ ရပ်ကွက် ကုန်သည်ကြီးလမ်းပေါ်ရှိ "ထူး" လက်ဖက်ရည်ဆိုင်ရှေ့တွင် နံနက် ၁၁ နာရီခန့်က စိတ်ကြွရူးသွပ်ဆေးပြား ၅၂၇ ပြား၊ လိုက်ထရပ်ယာဉ်တစ်စီးနှင့်အတူထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ် (၂) နယ်မြေရဲစခန်းက ၎င်းတို့သုံးဦးအားအမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **သူရ(တောင်ငူ)**

## တောင်ကြီးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၄**

ပအိုဝ်းပြည်သူ့စစ်အဖွဲ့မှ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက် ညနေ ၆ နာရီက မိုင်းပျဉ်းကျေးရွာ-တောင်ကြီးမြို့ သွားကားလမ်း၊ နန်းဟောင်းကျေးရွာအုပ်စု ရေသပြေကျေးရွာအနီးရှိ ပအိုဝ်းပြည်သူ့စစ်အဖွဲ့၏ စစ်ဆေးရေးဂိတ်တွင် မောင်ပြော မောင်းနှင်လာသည့် ဆိုင်ကယ်ကို မသင်္ကာဖွယ်တွေ့ရှိ၍ တောင်ကြီးနယ်မြေရဲစခန်းသို့ ခေါ်ဆောင်ပေးအပ်စဉ် ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မောင်ပြော (၂၉ နှစ်) အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**


### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
### အောင်ဘာလေသိန်းဆုဌာနခွဲ
### ကြေညာချက်
(ရက်စွဲ ၂၀၁၇ခုနှစ် ဇူလိုင် ၁၄ရက်)

၁။ ၂၀၁၇ခုနှစ် ဩဂုတ် ၁ရက်တွင် ကျင်းပမည့် (၅)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် အကြိမ်စဉ်မြောက်နှင့် ဖွင့်လှစ်မည့်ရက်စွဲပါရှိသည့် ပင်မထီအက္ခရာ "က"မှ "အ"၊ "ကက"မှ "ကထ"ထိ အက္ခရာအလုံး ၅၀၊ (ထီစာအုပ်ပေါင်း ၄၀၉၀၉၀၀အုပ်)အား ထုတ်ဝေရောင်းချခဲ့ပါသည်။ ထိုသို့ရောင်းချရာတွင် ၁၃-၇-၂၀၁၇ရက်ထိ ထီစာအုပ် ၁၄၀၀၀၀ ခန့်မှာ ရောင်းချရန် ကျန်ရှိနေပါသည်။

၂။ သို့ဖြစ်ပါ၍ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ထီကံစမ်းလိုသူ မိဘပြည်သူများ မည်သူမဆို ဝယ်ယူကံစမ်းလိုပါက ၂၅-၇-၂၀၁၇ ရက် နောက်ဆုံးထား၍ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ အောင်ဘာလေသိန်းဆုဌာနခွဲတွင် လာရောက်ဝယ်ယူကံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**အမည်ပြောင်း**

ပုသိမ်မြို့၊ အမက(၉) ယိုးဒယားကုန်းကျောင်း၊ တတိယတန်း(B)မှ (ဘ)ဦးရန်နိုင်စိုး၏သား အက်(စ်)ကောင်းဆက်အား ယနေ့မှစ၍ စစွမ်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **စစွမ်းထက်**

### ဒေါပုံမြို့နယ်အတွင်းရှိ
### မြေကွက်/တိုက်ခန်း ရောင်းမည်

ဒေါပုံမြို့နယ်အတွင်းရှိ၊ ဂရန်လက်ဝယ်ရှိ (၂၅×၅၀) ပေ မြေကွက်များ၊ မြေညီတိုက်ခန်း၊ ပထမထပ်တိုက်ခန်း၊ ဒုတိယထပ်တိုက်ခန်းများကို အထူးဈေးဖြင့်ရောင်းမည်။ အရစ်ကျဝယ်လိုလျှင်လည်းရနိုင်ပါသည်။

**ဆက်သွယ်ရန် - ဖုန်း - 09-5500557**
**09-785100709**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၇၇၉(မြေညီထပ်/ခေါင်းရင်းခန်း)တိုက်ခန်းကို ဒေါ်ခင်သီတာဝင်း ၁၂/မဂတ(နိုင်)၀၂၁၁၃၇ မှ တစ်ဦးတည်းပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီးရောင်းချပေါင်နှံလွှဲပြောင်းထားခြင်းနှင့် အာမခံအဖြစ်တင်သွင်းထားခြင်းမရှိဘဲ အမွေစားအမွေခံရှင်းလင်းကာ အမှုအခင်းအရှုပ်အထွေးကင်းရှင်းလျက် ရောင်းချခွင့်ရှိကြောင်း တာဝန်ယူ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ဦးလှသန်းနိုင် ၁၀/မလမ(နိုင်)၁၃၆၅၈၆ မှ ဝယ်ယူရန် ၂၅-၆-၂၀၁၇ရက်တွင် တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ရန်အတွက် စရန်ငွေပေးချေခြင်းကတိစာချုပ်ဖြင့် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးလှသန်းနိုင် ၁၀/မလမ(နိုင်)၁၃၆၅၈၆၏ ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူဖြူညွန့်**
**B.A,H.G.P,D.B.L,D.M.L**
**အထက်တန်းရှေ့နေ**
**အမှတ် ၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

# အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စု(စ)ပွဲများ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၄**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၈ အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (စ)ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် မြန်မာအသင်းသည် ဩစတြေးလျ၊ စင်ကာပူ၊ ဘရူနိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ ခြေစစ်ပွဲတွင် အုပ်စု ၁၀ စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံး ၁၀ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးငါးသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တရုတ်နိုင်ငံသည် ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ခြေစစ်ပွဲအောင်သည့် ၁၅ သင်းစာရင်းတွင် ပါဝင်ခဲ့ပါက အကောင်းဆုံးဒုတိယနေရာရသည့် အသင်းများတွင် အဆင့် (၆) နေရာရအသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲကို အုပ်စုအလိုက် အိမ်ရှင်အသင်းများရွေးချယ်၍ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် အုပ်စု(စ) ပွဲစဉ်များကို ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ခြေစစ်ပွဲ ပွဲစဉ်များအဖြစ် ဇူလိုင် ၁၉ ရက် ညနေ ၃ နာရီတွင် ဩစတြေးလျနှင့် ဘရူနိုင်း၊ ညနေ ၆ နာရီတွင် မြန်မာနှင့် စင်ကာပူ၊ ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီတွင် ဩစတြေးလျနှင့် စင်ကာပူ၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ဘရူနိုင်း၊ ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီတွင် စင်ကာပူနှင့် ဘရူနိုင်း၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန် ဩစတြေးလျအသင်းနှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲတွင် တစ်အုပ်စုတည်းကျရောက်နေသည့် စင်ကာပူ၊ ဘရူနိုင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသောကြောင့် ယင်းအသင်းများ၏ ခြေစွမ်းကို ကြိုတင်လေ့လာနိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှ ယူ-၂၃ ပြိုင်ပွဲတွင် စတင်ကျင်းပသည့် ၂၀၁၄ ပြိုင်ပွဲကတည်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ခြေစစ်ပွဲကိုမူ မြန်မာနိုင်ငံ၌ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်သည်။ ၂၀၁၄ ပြိုင်ပွဲ၏ ခြေစစ်ပွဲကို ၂၀၁၂ ခုနှစ်က သုဝဏ္ဏကွင်း၌ ကျင်းပခဲ့ပြီး မြန်မာအသင်းသည် တောင်ကိုရီးယားအသင်းနှင့်အတူ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ၂၀၁၆ ပြိုင်ပွဲတွင် မြန်မာအသင်းသည် ခြေစစ်ပွဲကို တရုတ်(တိုင်ပေ)၌ သွားရောက်ယှဉ်ပြိုင်ခဲ့ရပြီး ဟောင်ကောင်နှင့် တရုတ်(တိုင်ပေ)အသင်းတို့ကို ဂိုးပြတ်အနိုင်ရခဲ့သော်လည်း နောက်ဆုံးပွဲတွင် ဩစတြေးလျအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ခြေစစ်ပွဲမအောင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲတွင် ဩစတြေးလျအသင်းနှင့် နှစ်ကြိမ်ဆက်တွေ့ဆုံခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခုခြေစစ်ပွဲတွင် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် အသင်းဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိသည်။ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းကို ကစားသမား ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး မလေးရှားအသင်းနှင့် ခြေစမ်းပွဲအပြီး ဇူလိုင် ၁၅ ရက်တွင် ရန်ကုန်မြို့၌ ဆက်လက်လေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် ဘွန်ဒက်စ်လီဂါ လေးရာသီတွင် ၈၅ ဂိုးသွင်းယူပေးထားသော ဒေါ့မွန်တိုက်စစ်မှူး အူဘာမီယန် (၂၈နှစ်) ကို ပေါင် ၆၅သန်းဖြင့် ကြားဖြတ်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။
- မန်ယူဂိုးသမား ဒေးဗစ်ဒီဂီယာ (၂၆နှစ်)သည် ယခုနွေရာသီတွင် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန်ဆန္ဒရှိနေပြီး ၎င်း၏ အေးဂျင့် ဂျော့မန်းဒက်စ်ကိုလည်း အပြောင်းအရွှေ့ပြီးမြောက်အောင် လုပ်ဆောင်ရန် ပြောကြားထားကြောင်း သိရသည်။
- မန်ချက်စတာစီးတီးအသင်းသည် မိုနာကိုအသင်းမှ အသက် ၂၂ နှစ်အရွယ် ဘယ်နောက်ခံ ကစားသမား ဘင်ဂျမင် မန်ဒီကို ခေါ်ယူရန် ပေါင်သန်း ၅၀ နီးပါး အသုံးပြုရန် ဆန္ဒရှိနေကြောင်း သိရသည်။
- ရှင်ဂျီ ကာဂါဝါသည် ဒေါ့မွန်အသင်းနှင့် နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်ကြောင်း ဒေါ့မွန်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။ လာမည့်ရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် ၂၀၂၀ ခုနှစ် ဇွန်လအထိရှိသော စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ကာဂါဝါသည် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လနောက်ပိုင်း ဘွန်ဒက်စ်လီဂါ၌ အာရှကစားသမားများထဲတွင် ၃၆ ဂိုးသွင်းယူပေးထားပြီး ဂိုးရရှိအောင် ၂၇ ကြိမ် ဖန်တီးပေးထားကြောင်း သိရသည်။



**ဇော်ဇော်**

# (၉)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**စင်ကာပူ ဇူလိုင် ၁၄**

(၉)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲကို စင်ကာပူဒေသစံတော်ချိန် ယနေ့ ညနေ ၃ နာရီခွဲက စင်ကာပူနိုင်ငံ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။



ဖွင့်ပွဲအစီအစဉ်အရ ပြိုင်ပွဲဝင် အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ ကျောင်းသားအသင်းများ ချီတက်မိတ်ဆက်ပေးခြင်း၊ အက/အလှုများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မီးရှူးတိုင်အား စင်ကာပူအားကစားအကျော်အမော် ကျောင်းသူတစ်ဦးက သယ်ဆောင်လာပြီး မီးရှူးတိုင်အားထွန်းညှိပေးခြင်း၊ အိမ်ရှင်စင်ကာပူနိုင်ငံ အလံလွှင့်ထူခြင်း၊ နိုင်ငံတော်အလံ သီချင်းဆိုခြင်းနှင့် အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများ ကျင်းပခဲ့ပြီး စင်ကာပူနိုင်ငံ ပညာရေးဝန်ကြီး Mr.Chee Wee က ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

လူငယ်များ အာဆီယံကျောင်းအားကစားပြိုင်ပွဲများမှတစ်ဆင့် သွေးစည်းညီညွတ်ရေး ပိုမိုတိုးတက်စေရန် အာဆီယံဒေသတွင်းရှိ အားကစားထူးချွန်သော ကျောင်းသားလူငယ်များ၏ အရည်အချင်းများအား ပြသနိုင်စေရန်နှင့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ရာ ယခုနှစ်တွင် (၉)ကြိမ်မြောက်သို့ ရောက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**တင်စိုး(မြန်မာ့အလင်း)**

# တောင်ငူတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်

**တောင်ငူ ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် တောင်ငူတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဒုတိယပညာသင်ကာလ ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၁၃ရက် နံနက် ၉ နာရီခွဲက စတင်ပြီး ဇူလိုင် ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း တောင်ငူတက္ကသိုလ် အားကစားမှူး ဦးသန်းဇော်ထံမှ သိရသည်။

ဩဂုတ် ၃ ရက်တွင် အမျိုးသား၊ အမျိုးသမီးစစ်တုရင်ပြိုင်ပွဲကိုလည်း တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲတို့ကို ကျင်းပပြုလုပ်မည်ဖြစ်ကာ ဇုန်အဆင့် ဘောလုံးလူရွေးချယ်ပွဲကို တောင်ငူခရိုင် မိုင်ဒါကွင်းအတွင်း ဇူလိုင် ၂၀ ရက်တွင် တောင်ငူမြို့နယ်ရှိ တောင်ငူတက္ကသိုလ်၊ တောင်ငူနည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် တောင်ငူပညာရေးကောလိပ်တို့မှ ဘောလုံးအားကစားသမားများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သူရ(တောင်ငူ)**


**ဖခင်အမည်မှန်**

အင်းစိန်မြို့နယ် အောင်ကောင်းစံကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်းမှ မိုးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးကျော်သူရထွန်း ၁၂/လသယ(နိုင်)၀၃၁၈၇၇ ဖြစ်ပါကြောင်း။ **ဦးကျော်သူရထွန်း**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း (E) မှ မဆောင်းနှင်းသဇင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၈/စလန(နိုင်) ၀၄၁၃၉၄ ဖြစ်ပါသည်။ **ဦးမောင်မြင့်**

**ဖခင်အမည်မှန်**

မိတ္ထီလာမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်းမှ မောင်ခွန်မြတ်မင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးစော ၁၃/ ကလန(နိုင်)၀၈၅၆၅၄ ဖြစ်ပါသည်။ **ဦးစော**

**ဖောင်းကြွပျောက်ဆုံးခြင်း**

ယာဉ်အမှတ် 3K/2270 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**အများသိစေရန်**

ရန်ကုန်မြို့၊အလုံမြို့နယ်၊ နွယ်သာကီလမ်း၊ အမှတ်၃၄ နေ မောင်ဟိဏ်းဘုန်းထက်စံ(ခ)မောင်စံလင်းထက်သည် ကျွန်တော် ဦးအောင်ကျော်ထွန်း ၁၂/လသယ (နိုင်)၀၄၅၂၃၂နှင့် ဇနီးဖြစ်သူ ဒေါ်စန္ဒာ ၁၂/အလန(နိုင်) ၀၃၉၅၅၉တို့၏ တစ်ဦးတည်းသောသားအရင်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ထွန်း**

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၊ ဖျာပုံမြို့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်အတွင်း ရေတံခါး(၃)လုံး တည်ဆောက်ခြင်းတွင် အသုံးပြုရန် ဘိလပ်မြေ၊ သံချောင်းလုံး၊ ကျောက်စရစ်၊ သဲ၊ ကျောက်ကြီး၊ ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။ ပစ္စည်းပေးသွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၃၁-၇-၂၀၁၇ရက်မှ ၇-၈-၂၀၁၇ရက်အထိ

(ခ) **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဖျာပုံမြို့

(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ**-လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ဖျာပုံမြို့

(ဃ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၁၅-၈-၂၀၁၇ရက်၊၁၆း၃၀ နာရီ

အိတ်ဖွင့်တင်ဒါအတွက် အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့(ဖုန်း-၀၄၅-၄၀၀၄၃၊ ၀၄၅-၄၀၀၄၄)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

**အိန္ဒိယသံရုံး ၊ ရန်ကုန်မြို့**
**ဝန်ထမ်းခေါ်ယူခြင်း ကြော်ငြာ-၀၂/၂၀၁၇**

ဥယျာဉ်မှူးရာထူးနေရာတစ်နေရာအတွက် အိန္ဒိယသံရုံး၊ ရန်ကုန်မြို့မှ လျှောက်လွှာခေါ် ယူလျက်ရှိပါသည်။ လျှောက်လွှာပုံစံအား အိန္ဒိယသံရုံးတွင်ဖြစ်စေ၊ သံရုံး ဝဘ်ဆိုက် www.indiaembassyyangon.net မှ ဖြစ်စေ ရယူနိုင်သည်။ ပြည့်စုံစွာဖြည့်သွင်းပြီးသော လျှောက်လွှာ များအား သက်ဆိုင်ရာ စာရွက်စာတမ်းများ နှင့်အတူ Head of Chancery, Embassy of India,545-547 Merchant Street, Yangon သို့ ၂၇.၇.၂၀၁၇မတိုင်မီ ပေးပို့ ရမည်။ ရွေးချယ်ခံရသော လျှောက်ထား သူများအား အီးမေးလ်/ဖုန်းဖြင့်အကြောင်း ကြားကာ ၂.၈.၂၀၁၇ နံနက် ၁၀နာရီတွင် သံရုံး၌ လူတွေ့စစ်ဆေး ရန်ခေါ်ဆိုမည် ဖြစ်သည်။

Head of Chancery

**လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးများမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်ကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
| --- | --- | --- |
| (က) | ကတ္တရာ(၈၀/၁၀၀) | (၂၅၉၄)တန် |

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၇-၈-၂၀၁၇ရက်
**တင်ဒါလျှောက်လွှာပိတ်သည့်အချိန်** - ညနေ ၄း၃၀နာရီ
**တင်ဒါလျှောက်လွှာဖွင့်မည့်ရက်** - ၉-၈-၂၀၁၇ရက်
**တင်ဒါလျှောက်လွှာဖွင့်မည့်အချိန်** - နံနက် ၁၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၇-၇-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
လမ်းဦးစီးဌာန၊
မန္တလေးတိုင်းဒေသကြီး
လမ်း(၃၀)၊၇၀×၇၁ လမ်းကြား
ဖုန်း-၀၂-၃၉၁၈၄၊ ၀၂-၃၉၁၈၆

**ကန့်ကွက်နိုင်ပါကြောင်း**

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂အိခ်စ် ၂ ၊ မြေကွက်အမှတ်-V Class/၁၆၁၊ မြေကွက်တည်နေရာအမှတ်-၅၉၆၊ ကမ်းနားလမ်း၊ (၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ် ဦးလှဖေ၊ ဒေါ်လှရင်အမည်ပေါက် နှစ်(၆၀)ဂရန်(သက်ကုန်)မြေအား ဦးလှဖေ ကွယ်လွန်၍ ၎င်းအစုကို ဇနီးဒေါ်စန်းရင် ၁၂/လမတ(နိုင်)၀၀၅၆၅၇မှ ဆက်ခံခွင့်ရှိကြောင်း၊ ဒေါ်လှရင် (ကွယ်လွန်)နှင့် ခင်ပွန်းဦးသန်းထွန်းအေး(ခ)ဦးသန်းထွန်းသည် ဘုန်းတော်ကြီးဘဝဖြင့် ပျံလွန်တော်မူပြီး ဒေါ်လှရင်မှ ကိတ္တိမမွေးစားစာချုပ်အမှတ်-၂၅၄/၁၉၉၇(၂၁-၁-၁၉၉၇) ဖြင့် ညီမဖြစ်သူ ဒေါ်ထွေးရင်အား မွေးစားခဲ့ပြီး ဒေါ်ထွေးရင်မှ ကိတ္တိမမွေးစား စာချုပ်အမှတ်-၉၇၆/၁၉၈၄(၁၄-၁၁-၁၉၈၄)ဖြင့် ဒေါ်ဆွေမာသန်း ၁၂/လမတ(နိုင်) ၀၂၂၆၇၃ အားလည်းကောင်း၊ ကိတ္တိမမွေးစား စာချုပ်အမှတ်-၉၇၇/၁၉၈၄(၁၅-၁၁-၁၉၈၄) ဖြင့် ဦးလင်းနိုင် ၁၂/လမတ(နိုင်)၀၃၁၉၇၂အားလည်းကောင်း မွေးစားခဲ့ပြီး ဒေါ်ထွေးရင်သည် အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ဒေါ်လှရင်၏သားသမီး (၄)ဦးဖြစ်သည့် (၁) ဒေါ်ဆွေဆွေသန်း၁၂/လမတ(နိုင်)၀၃၁၉၇၁၊(၂)ဒေါ်ဆွေမာသန်း၁၂/လမတ(နိုင်) ၀၂၂၆၇၃၊ (၃)ဦးလင်းနိုင် ၁၂/လမတ(နိုင်)၀၃၁၉၇၂၊(၄)ဒေါ်ဆွေစင်သန်း ၁၂/လမတ (နိုင်)၀၂၆၀၂၀ တို့မှ ကျန်ပူးတွဲပိုင်ရှင် ဒေါ်စန်းရင် ၁၂/လမတ(နိုင်)၀၀၅၆၅၇ နှင့်အတူ ကိတ္တိမမွေးစားစာချုပ်များ၊အိမ်ထောင်စုစာရင်းများ၊ပဲခူးတိုင်းဒေသကြီး၊ပေါက်ခေါင်းမြို့နယ် သံဃနာယကအဖွဲ့မှ (၁-၈-၉၂)ဖြင့် ဦးပညောဘာသ(ခ) ဦးသန်းထွန်း(၁-၃-၉၂)တွင် ပျံလွန်တော်မူကြောင်း ထောက်ခံစာနှင့်မြေငှားဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အများသိစေရန်**

ကျွန်တော် ဦးအောင်ကျော်ထွန်း ၁၂/လသယ(နိုင်)၁၄၅၂၃၂၏ Facebook Account အဖြစ်သုံးစွဲခဲ့သော Aung Kyaw Htun စာမျက်နှာများတွင် ဇနီးဖြစ်သူ ဒေါ်စန္ဒာ ၁၂/အလန (နိုင်)၁၃၉၅၅၉နှင့် ပတ်သက်၍တင်ခဲ့သောPosts များနှင့် Status များသည် လုံးဝမှန်ကန်မှုမရှိပါ။ ၎င်းအကြောင်းအရာများသည် ကျွန်တော်၏ တစ်ဖက်သတ်အမြင်ဖြင့် ရေးသားထားခြင်းဖြစ်ကြောင်းနှင့် ထိုသို့ရေးသားမိခဲ့ခြင်းကြောင့် ဇနီးဖြစ်သူ ဒေါ်စန္ဒာ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ဖြစ်ပေါ်ခဲ့မှုအတွက် အနူးအညွတ်တောင်းပန်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ထွန်း ၁၂/လသယ(နိုင်)၁၄၅၂၃၂**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၃)လမ်း၊ တိုက်အမှတ်(၆၆၂) မြေညီထပ် ခြေရင်းခန်းဟု ခေါ်တွင်သည့် ဧရိယာ ပေ(၁၂ ၁/၂ ×၅၀) အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဒေါ်နန်းမြအေး ၁၂/ဗတထ(နိုင်)၀၁၈၉၂၉ထံမှ ကျွန်ုပ်ကဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွေးနွေးစံ ၁၂/ခရန(နိုင်)၀၉၉၅၀၇**
**အမှတ်(၆၃)၊ (၄)ရပ်ကွက်၊ ဗုဒ္ဓဟူးလမ်း၊ ခရမ်းမြို့**
**ဖုန်း-၀၉-၇၆၈၉၀၅၂၇၆**

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း

*ယမန်နေ့မှ အဆက်*

၁၂။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ၁၁အရ လူမှုဝန်ထမ်းဦးစီးဌာနအဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ခြင်း မပြုနိုင်သေးသော နယ်မြေဒေသများတွင် ဤဥပဒေအရ လူမှုဝန်ထမ်းအရာရှိများနှင့်ကလေးသူငယ်ကြီးကြပ်သူများ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံ့ဝန်ထမ်းကို ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် နိုင်ငံသားကို သင့်လျော်သော စရိတ်ချီးမြှင့်ငွေထောက်ပံ့၍ဖြစ်စေ တာဝန်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အခြားပြည်ထောင်စုဝန်ကြီးဌာနများရှိ နိုင်ငံ့ဝန်ထမ်းကို လူမှုဝန်ထမ်းအရာရှိများနှင့် ကလေးသူငယ်ကြီးကြပ်သူများအဖြစ်တာဝန်ပေးရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

**အခန်း (၆)**

**သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း**

၁၃။ လူမှုဝန်ထမ်းဦးစီးဌာနသည် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ အောက်ဖော်ပြပါ သင်တန်းကျောင်းများ၊ ယာယီစောင့်ရှောက်ရေးဂေဟာများကို တည်ထောင်ရမည် -

(က) ဤဥပဒေအရ ပို့အပ်သည့် ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်ရန် တည်ထောင်ထားသော သင်တန်းကျောင်းများ၊

(ခ) ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသော ကလေးသူငယ်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှု မစတင်မီနှင့် စတင်စစ်ဆေးနေသည့် ကာလအတွင်းဖြစ်စေ၊ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်အရ ဆုံးဖြတ်ချက် မချမှတ်မီ ကာလအတွင်းဖြစ်စေ၊ ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင်နေသည့်ကာလအတွင်းဖြစ်စေ ယာယီအုပ်ထိန်းရန်နှင့် ပြုစုစောင့်ရှောက်ရန် လိုအပ်သောယာယီစောင့်ရှောက်ရေးဂေဟာများ။

၁၄။ (က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်ထားလျှင်ဖြစ်စေ၊ တည်ထောင်ဖွင့်လှစ်လိုလျှင် ဖြစ်စေ အသိအမှတ်ပြုလက်မှတ်ရရှိရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် -

(၁) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး ကိုက်ညီပါက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ကိုက်ညီမှုမရှိပါက လိုအပ်သည်များကို ပြုပြင်စေပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း ပြုရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးသည့်အခါ စည်းကမ်းချက်များ သတ်မှတ်ပေးရမည်။ အကယ်၍ အဆိုပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ပါက ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအလို့ငှာ အသိအမှတ်ပြုလက်မှတ်ကို ဆက်လက်၍ ထုတ်ပေးသင့် မသင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(၃) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသော ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို သင့်လျော်သည့် နည်းပညာကျွမ်းကျင်မှု အကူအညီ ဖြည့်ဆည်းပေးရမည်။

၁၅။ (က) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းကဖြစ်စေ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်လိုလျှင် တည်ထောင်ခွင့်ပြုမိန့်ရရှိရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးတည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက တည်ထောင်ခွင့်ပြုမိန့်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားလာခြင်းအပေါ် သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးထားသော ပရဟိတ ဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများအား -

(က) လိုအပ်သော လမ်းညွှန်မှုပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်း၊ သင့်လျော်သည့် ကျွမ်းကျင်မှု ဖြည့်ဆည်းပေးခြင်းနှင့် ပံ့ပိုးမှုပေးခြင်းများ ပြုရမည်။

(ခ) သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိမရှိကို သင့်လျော်သော လူမှုဝန်ထမ်းအရာရှိကိုဖြစ်စေ၊ ကလေးသူငယ်ကြီးကြပ်သူကိုဖြစ်စေ၊ ယင်းပုဂ္ဂိုလ်များကို အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ စုံစမ်းစစ်ဆေးစေပြီး စစ်ဆေးတွေ့ရှိချက်ကို တင်ပြစေနိုင်သည်။

၁၇။ လူမှုဝန်ထမ်းဦးစီးဌာနသည် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို တည်ထောင်ခွင့်ပြုမိန့်ရရှိသူက ဖောက်ဖျက်ကြောင်းတွေ့ရှိရလျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့်ကို ကာလ သတ်မှတ်၍ ယာယီ ရပ်ဆိုင်းခြင်း၊

(ဂ) တည်ထောင်ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

**အခန်း (၇)**

**ကလေးသူငယ်၏ အခွင့်အရေးများ**

၁၈။ ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆက်ဆံခွင့်ရရှိစေရေးတို့အတွက် အခွင့်အရေးများရှိကြောင်း နိုင်ငံတော်က အသိအမှတ်ပြုသည်။

၁၉။ ကလေးသူငယ်တိုင်းသည် -

(က) အသက်ရှင်သန်ရန် မွေးရာပါ အခွင့်အရေးရှိသည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများခံစားခွင့်ရှိသည်။

(ဂ) မိဘနှစ်ပါး သို့မဟုတ် တစ်ပါးပါး အသက်ရှင်လျက်ရှိပါက ယင်းတို့နှင့်အတူ နေထိုင်ကြီးပြင်းရန် အခွင့်အရေးရှိသည်။

(ဃ) မည်သည့်အကြောင်းနှင့်မှခွဲခြားဆက်ဆံခြင်းမခံရစေရ။

(င) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိသည်။

(စ) ကိုးကွယ်သည့် ဘာသာ၊ သာသနာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ဆ) ဥပဒေအရ ခွင့်ပြုထားသော ကလေးသူငယ်ဆိုင်ရာအသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ၊ လူမှုရေး သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရှိသည်။

(ဇ) ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) မိမိတို့၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေမည့် စာပေများဖတ်ရှုနိုင်ခွင့်၊ ဗဟုသုတများလေ့လာဆည်းပူးနိုင်ခွင့်၊ သတင်းများရယူနိုင်ခွင့်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မွေးမြူရေးနှင့် သမဝါယမအသင်းသားစုဆောင်းငွေကို ခုနှိမ်ပေးသွင်းမှုနှင့် ပတ်သက်၍ဒေသခံအသင်းသားများကျေနပ်မှုမရှိ

**ဟိုင်းကြီးကျွန်း ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာအုပ်စု ကံချိုင်ကျေးရွာ သုခိတာရာမကျောင်းတိုက်ဓမ္မာရုံ၌ ဇူလိုင် ၁၁ ရက်က မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်း ဥက္ကဋ္ဌဦးမြင့်စိုးက အသင်းသား ၅၂၂ ဦး၏ စုဆောင်းငွေကျပ် ၁၁၅၃၆၂၀၀ ကို အသင်းသားများ၏ သဘောတူညီမှုမရှိဘဲ ငပုတောမြို့နယ် သမဝါယမအသင်းစုသို့ ပေးဆပ်ရမည့်ငွေများတွင် ခုနှိမ်ပေးသွင်း ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသည့်ကိစ္စနှင့် ပတ်သက်၍ မြို့နယ်သမဝါယမ ဦးစီးဌာနက ဒေသခံအသင်းသားများနှင့် တွေ့ဆုံရှင်းလင်းပွဲပြုလုပ်ခဲ့ရာ အဆင်ပြေမှုမရှိကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနှင်းက ကံချိုင်ကျေးရွာ မွေးမြူရေးနှင့် သမဝါယမအသင်းတွင် အမှုဆောင်အဖွဲ့ဝင် ငါးဦးနှင့် အသင်းသား စုစုပေါင်း ၅၂၂ ဦးရှိကြောင်း ၁-၁-၁၇ ရက်နေ့တွင် (၄)ကြိမ် မြောက် ငွေထုတ်ချေးပေးခဲ့ခြင်း ၁-၇-၁၅ ရက်မှစ၍ ခြောက်လတစ်ကြိမ် ချေးငွေများ ချေးပေးခဲ့ပြီး ဖြစ်သည်။

(၃၀-၆-၂၀၁၇)ရက်နေ့နောက်ဆုံးထား၍ အသင်းသားများပြန်လည်ပေးဆပ်ရမည့် ငွေမှာ တစ်ဦးလျှင်ငွေကျပ် ၇၃၁၃၉ ရှိကြောင်း၊ လက်ရှိအချိန်တွင် အသင်းသားများ စုဆောင်းထားရှိသော ငွေမှာတစ်ဦးလျှင် ငွေကျပ် ၂၂၁၀၀ ရှိနေပြီဖြစ်ကြောင်း၊ အသင်းဥက္ကဋ္ဌ ဦးမြင့်စိုးအနေဖြင့် အသင်းသားများ၏ပြန်လည်ပေးဆပ်ငွေများကို စုစည်း၍ မြို့နယ်သမဝါယမအသင်းသို့ အပြည့်အဝပေးသွင်းထားပြီး ဖြစ်ကြောင်း၊ သို့ရာတွင် အသင်းဥက္ကဋ္ဌအနေဖြင့် အသင်းသားများ၏ စုဆောင်းငွေကို အမှန်တကယ်ပေးဆပ်ရမည့်ငွေအတွင်း ခုနှိမ်ပေးချေခဲ့ခြင်းဖြစ်သည့်အတွက် စုဆောင်းငွေ လက်ကျန်မရှိတော့ကြောင်း သိရသည်။

အသင်းသားများ၏ စုဆောင်းငွေများ နစ်နာဆုံးရှုံးမှုနှင့်ပတ်သက်၍ အသင်းဥက္ကဋ္ဌက ထွက်ပြေးတိမ်းရှောင်နေမှုကို တရားစွဲဆိုမည်ဆိုပါက အသင်းသားများ၏သဘောတူညီမှုဖြင့် ကျန်ရှိသည့် အမှုဆောင်အဖွဲ့ဝင်လေးဦးက တရားစွဲဆိုနိုင်ပြီး မြို့နယ်သမဝါယမ ဦးစီးဌာနက ကူညီဆောင်ရွက်မှုများပြုလုပ်ပေးနိုင်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒေသခံများက ဆွေးနွေးရာတွင်အသင်းဥက္ကဋ္ဌမှာ အသင်းသားများ၏ သဘောတူညီမှုမရှိဘဲ ၎င်းတို့စုဆောင်းငွေများကို မြို့နယ်သမဝါယမအသင်းစုသို့ ပေးဆပ်မည့်ငွေ၌ ခုနှိမ်ပေးဆပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ၆ လ တစ်ကြိမ်ပြန်ဆပ်ရမည့်ငွေများကို အမှုဆောင်အဖွဲ့သို့ အသင်းသားများကပေးသွင်းထားပြီးဖြစ်ကြောင်း၊ မြို့နယ်သမဝါယမဦးစီးဌာနအနေဖြင့် အသင်းသားစုငွေ ခုနှိမ်ခြင်းကို စစ်ဆေးမှုမရှိဘဲ လက်ခံခဲ့သည်ကို ကျေနပ်မှုမရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အသင်းဥက္ကဋ္ဌနှင့်အတူ မြို့နယ်သမဝါယမဦးစီးဌာနတွင်လည်း တာဝန်ရှိကြောင်း၊ အသင်းသားများက ၎င်းတို့၏စုဆောင်းငွေများကို ပြန်လိုချင်ကြကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူး၍ ဇူလိုင် ၁၂ ရက်က နှစ်(၇၀) မြောက် အာဇာနည်နေ့အကြို သီချင်း၊ ကဗျာ၊ ပုံပြင်၊ ပန်းချီ ပြိုင်ပွဲကို ကျင်းပရာ တောင်ငူ မူလတန်းကြိုကျောင်း၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နေကြစဉ် ကျော်လှ(တောင်ငူ)

## တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ပညာသင်စရိတ်နှင့် ပညာရည်ချွန်ဆုပေးအပ်

**လွိုင်ကော် ဇူလိုင် ၁၄**

ကယားပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်ရှိ စာရင်းစစ်ရုံးဝန်ထမ်းများ၏ ၂၀၁၆-၂၀၁၇ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သူ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက်က ပြည်နယ်စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စာရင်းစစ်ချုပ် ဦးအောင်မောင်းတက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ၂၀၁၆-၂၀၁၇ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူလေးဦးတို့အား တစ်ဦးလျှင် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၈၀၀၀၀ ကိုပေးအပ်သည်။ အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူ လေးဦးတို့အနက်မှ လေးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးတို့အား ဂုဏ်ထူးရတစ်ဘာသာလျှင် ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅၀၀၀၀ ကိုထပ်ဆောင်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

**အများပြည်သူ အိမ်ရာပိုင်ဆိုင်မှုရရှိစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် အိမ်ရာစီမံကိန်း အခန်းပေါင်း ၈၀ ကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်**

**(အဆိုပါ အိမ်ရာစီမံကိန်းတွင် နေပြည်တော်တွင် ပထမဦးဆုံး ဆောင်ရွက်သည့် တန်ဖိုးမျှတအိမ်ရာစီမံကိန်းဖြစ်ကြောင်း သိရသည်။)**

ကိုပေါက် (ဥက္ကာမြေ)





# အမာခံပရိသတ်တွေက ကိုယ့်မိသားစုလိုဖြစ်လာတယ်ဆိုတဲ့ ထက်ထက်ထွန်း

● NZA

**ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သော Miss Universe 2016 ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး National Costume ဆု ရရှိခဲ့သည့် အလှမယ် ထက်ထက်ထွန်းက Miss Universe ပွဲများတွင် ဒိုင်အဖြစ် အမြို့မြို့အနယ်နယ်သို့ သွားရောက်ဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရသည်။**

**မေး ။ မနှစ်က Miss Universe Myanmar အနေနဲ့ ဒီနှစ် အလှမယ် ဇွန်သံစဉ်ကို မျှဝေပေးချင်တာတွေရှိလား။**

ဖြေ ။ ထက်ထက်လည်း သူ့ကိုပြောပြချင်တာတွေ အများကြီး ရှိပါတယ်၊ ဒါပေမယ့် အချိန်သိပ်မရသေးလို့ မပြောဖြစ်ဘူး၊ သူသိချင်တာတွေ၊ အလှအပနဲ့ ပတ်သက်တာတွေ၊ သူသိချင်တာ တွေ Chat Box ကနေ ပြောဖြစ်ပါတယ်။ မကြာခဏဆိုသလို ပြောဖြစ်ပါတယ်။ ပြိုင်ပွဲနီးလာပြီဆိုရင်တော့ သူနဲ့ သီးသန့်တွေ့ပြီး ပြောချင်တာတွေ ပြောလိုက်မှာပါ။ ကိုယ့်တုန်းက မသိလိုက်ရလို့ အားနည်းသွားတာတွေ အများကြီးပါ။ ဒါပေမယ့် မပြောလိုက်ရလို့ အားနည်းသွားတာမဖြစ်အောင် သေချာအချိန်ပေးပြီး သူ့ကိုပြောပြမှာပါ။ သူနဲ့တစ်ရက် အချိန်ပေးပြီး တွေ့ကြမယ်လို့ ပြောထားပါတယ်။

**မေး။ ဒီနှစ်မှာပြိုင်ပွဲဝင်မယ့် အလှမယ်တွေအတွက် အတွေ့အကြုံတွေ ပြောပြချင်တာတွေရော ရှိသလား။**

ဖြေ။ အဓိကအားဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာလေးတွေပါပဲ။ အားနည်းနေတာလေးတွေ ပြုပြင်ရမယ်။ စိတ်ဓာတ်ခွန်အားနဲ့ပတ်သက်ပြီး အလှအပ တစ်ခုတည်းကိုပဲ ရွေးချယ်တာမဟုတ်ဘူး။ လူလှဖို့ပဲ မပြင်ဆင်ပါနဲ့ ကိုယ့်ရဲ့ အတွင်းစိတ်ဓာတ်လှဖို့၊ စိတ်ဓာတ်ကြံ့ခိုင်ဖို့ပြီးတော့ နိုင်ငံကိုကိုယ်စားပြုမယ်ဆိုတဲ့စိတ်ပေါ့။ အဲ့ဒီစိတ်ရှိဖို့ ပြင်ဆင်သွားဖို့လိုပါတယ်။ အလှကတော့ အားလုံးက လှနေကြတာဆိုတော့ စိတ်ဓာတ်အရည်အချင်းတွေ ကွာသွားတာက နိုင်ငံတကာပွဲအမှတ်ပေးတဲ့နေရာမှာ အဲဒါတွေ ကွာသွားမှာပါ။ စိတ်ဓာတ်ခွန်အားနဲ့ စိတ်အလှကို များများ လေ့ကျင့်ပေးပါလို့ ပြောချင်ပါတယ်။

**မေး။ ပြိုင်ပွဲဝင်လိုက်ရတဲ့အတွက် ကိုယ့်ကိုယ်ကို ဘာတွေ ပြောင်းလဲသွားတယ်လို့ ခံစားရလဲ။**

ဖြေ ။ ထူးထူးခြားခြား ဘယ်အရာက ပြောင်းလဲသွားလဲဆိုတော့ Fan တွေရဲ့ အချစ်တွေ အားပေးမှုတွေ ပိုလာတယ်လို့ ခံစားရပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ သူတွေရဲ့ ကိုယ့်အပေါ် အမြင်တွေ ပြောင်းလဲလာတယ်လို့ ခံစားရတယ်။ ယုံကြည်မှုတွေ ပိုပေးလာတယ်၊ ကိုယ့်အပေါ် အထင်ကြီးတဲ့ အကြည့်တွေ၊ ပိုပြီးလက်ခံလာကြတယ်လို့ ခံစားရပါတယ်။ ဒီနှစ်အတွင်းနေရတဲ့ ခံစားမှုကအစ အနုပညာလောကထဲက စီနီယာတွေကအစ ထက်ထက်ကို အသိအမှတ်ပြုလာကြတယ်။ နေရာတစ်ခု ရောက်ပြီဆိုတာ လက်ခံကြတယ်။ ပြိုင်ပွဲမပြိုင်ခင်က ဖြစ်စေချင်တဲ့စိတ်နဲ့ ဝေဖန်ကြတော့ အဲ့ဒီအချိန်ထက် ပြိုင်ပွဲပြီးတဲ့အခါမှာ နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့အတွက် သူလုပ်နိုင်တာပဲဆိုပြီး အသိအမှတ်ပြုလာကြတယ်၊ နေရထိုင်ရတာလည်း ပိုအဆင်ပြေလာတယ်။

**မေး ။ လတ်တလော အနုပညာလှုပ်ရှားမှုတွေရော ရှိပါသလား။**

ဖြေ ။ အဓိကအားဖြင့်တော့ Shooting တွေ Presenter တွေလုပ်ဖြစ်တယ်၊ ကြော်ငြာ၊ ပြက္ခဒိန်တို့ ရိုက်ဖြစ်ပါတယ်။ ပရဟိတအနေနဲ့ကတော့ ထူးထူးခြားခြား မရှိပါဘူး။ ထက်ထက်မွေးနေ့ ဘုန်းကြီးကျောင်းမှာ အလှူပွဲလေးလုပ်ဖြစ်တယ်၊ Fan တွေနဲ့ ညစာစားပွဲလေး လုပ်ဖြစ်ပါတယ်။ အလုပ်တွေကတော့ ပုံမှန်လေးပဲသွား ဖြစ်ပါတယ်။ လတ်တလောတော့ Miss Universe City ပွဲတွေ ပြီးသွားရင်တော့ ထက်ထက် မော်ဒယ် အေဂျင်စီဖွင့်ဖို့ ပြန်ပြီးလုပ်သွားမှာပါ။ ဩဂုတ်လထဲမှာတော့ ရုပ်သံစီးရီးတစ်ခု ရိုက်ဖို့ရှိပါတယ်။ တခြားတော့ မရှိသေးပါဘူး။ ကမ်းလှမ်းလာတာရှိရင်လည်း ရိုက်ဖို့ အဆင်သင့်ပါပဲ။

**မေး ။ ကိုယ်ပိုင်အချိန်တွေမှာရော ဘယ်လိုအလုပ်တွေ လုပ်ဖြစ်လဲ။**

ဖြေ ။ ကိုယ်ပိုင်အားတဲ့အချိန်ကတော့ နည်းပါတယ်။ တစ်ဖက်ကလည်း စီးပွားရေး လုပ်နေတဲ့အခါကျတော့ Event ပွဲတွေနဲ့ ပတ်သက်တာ၊ ပွဲစီစဉ်တာတွေ လုပ်နေတဲ့ အခါကျတော့ ပြီးတဲ့အချိန်ဟာ ညမိုးချုပ်တဲ့အချိန်ရောက်သွားရော၊ နားတဲ့အချိန်ကတော့ အိပ်တဲ့အချိန်က များပါတယ်။ ကားနဲ့သွားတဲ့အချိန်မှာ သီချင်းနားထောင်ဖြစ်တယ်၊ အားတဲ့အချိန်မှာ Fan တွေနဲ့ စကားပြောဖြစ်တယ်၊ သူတို့ကို Reply လုပ်ဖြစ်တယ်။ ရုပ်ရှင်ကြည့်ဖြစ်တာမျိုး မိသားစုနဲ့ အချိန်ပေးဖြစ်တာမျိုး မရှိဘူး။

**မေး ။ ထက်ထက်ထွန်းအတွက် ပရိသတ်ကြီးက ဘယ်လောက် အရေးပါလဲ။ အားပေးကြသူတွေကိုရော ဘယ်လိုစကားလက်ဆောင် ပါးချင်သေးလဲ။**

ဖြေ ။ အချိန်သတ်မှတ်ထားတာတော့ မရှိပေမယ့် ညအိပ်ခါနီး အချိန်မှာတော့ သီးသန့်အချိန်ပေး ဖြစ်ပါတယ်။ ဘယ်လောက်ပင်ပန်းပင်ပန်း ညအိပ်ခါနီး အချိန်မှာတော့ သီးသန့်အချိန်ပေးပြီး Facebook ကနေ စာတွေဖတ်ဖြစ်တယ်၊ သူတို့ရေးတာတွေ ကို အကြောင်းပြန်ဖြစ်ပါတယ်။ တစ်နာရီကတော့ အချိန်ပေးဖြစ်သွားတယ်။ Fan တွေနဲ့ Live Chat ပြီး စကားပြောဖြစ်တယ်။ အဲ့ဒီတော့ Fan တွေနဲ့လည်း ပိုပြီးတော့ ရင်းနီးလာတယ်၊ ပြိုင်ပွဲက ပြန်လာပြီးတော့ သူတို့နဲ့ ပိုပြီးရင်းနှီးသလို ခံစားရလာတယ်။ အမာခံပရိသတ် တစ်ထောင်လောက်က ကိုယ့်မိသားစုလို ဖြစ်လာတယ်။ ပရိသတ်တွေကို အမြဲပြောနေကျစကားကတော့ ကျေးဇူးတင်ပါတယ်ပေါ့နော်။ အချိန်ကုန်၊ ငွေကုန်ခံပြီး Facebook ကနေ အားပေးတဲ့ ပရိသတ်တွေကို ကျေးဇူးလည်းတင်တယ်၊ ချစ်လည်းချစ်တယ်၊ ကိုယ့်မိသားစုလို သဘောထားတယ်လို့ ပြောချင်ပါတယ်။

နောက်နှစ်တွေမှာလည်း အလှမယ်တွေ ထပ်ပြီးထွက်ပေါ်လာမှာဖြစ်ပြီး သူတို့လည်း အကောင်းဆုံး ကြိုးစားကြမှာဖြစ်တဲ့အတွက် ဘယ်သူပဲဖြစ်ပါစေ ကိုယ့်နိုင်ငံကို ကိုယ်စားပြုမယ့် သူတွေကို အားပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ထက်ထက်ကိုလည်း အားပေးကြပါ၊ ချစ်ပေးကြပါ၊ ရင်ထဲက စေတနာမေတ္တာအစစ်အမှန်နဲ့ အားပေးကြတယ်ဆိုရင် ထက်ထက်က ပြည့်စုံပါပြီလို့ ပြောချင်ပါတယ်။ ။

## Orginal Gangster 2 အနုပညာအရသာ အားပေးပြီး အတုခိုးမမှားစေလို




သရုပ်ဆောင်ခြင်းထက် ဂီတကို ရူးသွပ်သည့် ယုန်လေးက အနုပညာနှင့် ပတ်သက်လာလျှင်တော့ အလုံးစုံ ဆောင်ရွက်ရန် စိတ်အားထက်သန်သည်ဟု သိရပြီး အောင်မြင်သည့် အက်ရှင် ဇာတ်ကား Original Gangster ၏ ဒုတိယမြောက် ခြေလှမ်းဖြစ်သည့် အမှတ်(၂)ကို ဖန်တီးထားကြောင်းသိရသည်။

"ဇာတ်လမ်းက ကိုယ်တိုင်ရေးထားတာပါ။ ဇာတ်ကားအောင်မြင်တော့ ပြောမပြတတ်အောင် ဝမ်းသာတယ်။ ကျွန်တော်တို့ဆီမှာလည်း အက်ရှင်ဇာတ်ကားက နည်းနည်း ရှားလာတော့ ပရိသတ်က အားပေးကြတာ ဖြစ်ပုံရပါတယ်"ဟု ယုန်လေးက ပြောသည်။ ယင်းဇာတ်ကားကို သရုပ်ဆောင် မြင့်မြတ်နှင့် အဆိုတော် ယုန်လေးတို့နှစ်ဦးသား ပူးပေါင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး အခက်အခဲများလည်းရှိသည်။ "ဖန်တီးရကျိုးနပ်တယ်။ ပထမ တုန်းက ရုံတင်နောက်ကျတော့ ကျွန်တော်တို့နှစ်ယောက် စိတ်ပူနေတာ။ ပရိသတ်အားပေးမှုက အားရလေးစားဖို့ကောင်းတယ်။ တစ်နိုင်ငံလုံးတော့ မသိသေးဘူး။ ရန်ကုန်မှာတော့ ရုံပြည့်တယ်"ဟု ယုန်လေးက အားရဝမ်းသာပြောသည်။

ထိုဇာတ်ကားကို ငွေကြေးအမြတ်အစွန်းအရ ရိုက်ကူးခြင်း မဟုတ်ဘဲ အရည်အသွေးကောင်းစေရန်အတွက်သာ ရည်ရွယ်ထားကြောင်းသိရပြီး ယင်းဇာတ်ကားသည် အက်ရှင်အသားပေး ဇာတ်ကားဖြစ်သည့်အတွက် ယနေ့ခေတ် ညီငယ်များ အတုယူတော့ မမှားစေချင်ကြောင်း ယုန်လေးကပြောကြားပြီး ကောင်းသည့် ပညာပေးအချက်များကိုသာ ဇာတ်ကားအတွင်းမှ အတုယူစေလိုကြောင်း သိရသည်။

**ဝေလင်း**

## စိုးနန္ဒကျော်၏ ဒရမ်မာဇာတ်ရုပ်များကို ပိုမိုမြင်တွေ့ရဦးမည်



အောင်မြင်သော ရုပ်မြင်သံကြားဇာတ်လမ်းတွဲဖြစ်သည့် The Sign Of Love ဇာတ်ကားမှ မ င်းသမီး စိုးနန္ဒကျော်က ရုပ်သံဇာတ်လမ်းတွဲနောက်ပိုင်းတွင် ဇာတ်ကားများ၌ ဒရမ်မာဇာတ်ရုပ်ကိုသာ ပရိသတ်က ပိုမိုအားပေးကြကြောင်း ပြောသည်။

အပြင်းစားနှောင်ကြိုးအမည်ရ တေးစီးရီးတစ်ခွေကို ထုတ်လုပ်ထားပြီး ပရိသတ်အားပေးမှု အထောက်အလျောက် ရရှိသည့်အတွက် ကျေနပ်အားရခဲ့ပြီး ဇာတ်လမ်းတွဲများ အနားရချိန် ဇာတ်ကားများ ရိုက်ကူးမှုနှင့် တွဲဖက်ကာ တစ်ကိုယ်တော်အခွေကို ထုတ်လုပ်ခဲ့ရသည့်အတွက် ကြိုးစားလုပ်ဆောင်ထားကြောင်း စိုးနန္ဒကျော်က ပြောသည်။

"ဇာတ်လမ်းတွဲကနေ သရုပ်ဆောင်တစ်ယောက်ဖြစ်လာတဲ့အတွက် သရုပ်ဆောင်လောကကိုတော့ အမြဲဆက်လုပ်သွားမှာပါ။ အခွေကတော့ ဝါသနာလည်းပါတဲ့အတွက် ကြိုးစားလုပ်ဖြစ်တဲ့သဘောပါ။ ကျွန်မကို ဇာတ်လမ်းတွဲတွေနဲ့ တွဲမြင်ပြီးသား ပရိသတ်တွေက ဇာတ်လမ်းတွဲ ပြန်ရိုက်စေချင်ကြတယ်။ ကျွန်မကြိုးစားမှာပါ။ ဇာတ်လမ်းတွဲတွေက အချိန်လည်း အကြာကြီးပေးရပြီး ကျွန်မအနေနဲ့အလှမ်းနည်းနည်းကွာသွားတော့ သေသေချာချာ ပြန်လုပ်ဖို့လိုဦးမယ်။ ဒီကြားထဲတော့ ကိုဇေရဲထက်နဲ့ တစ်ခါ တုန်းကဆိုတဲ့ဇာတ်ကား ရိုက်ကူးပြီးစီးသွားပါပြီ "ဟု လက်ရှိအနုပညာလှုပ်ရှားမှုအကြောင်းကို ပြောသည်။

ဇာတ်လမ်းတွဲဖြင့် နာမည်ရလာသည့် မင်းသမီး စိုးနန္ဒကျော်သည် လက်ရှိတွင် ဇာတ်ကားပေါင်း ၂၀၀ ကျော်နှင့် ဇာတ်လမ်းတွဲပေါင်း သုံးကားကို ရိုက်ကူးထားပြီး ရုပ်ရှင်ဇာတ်ကားကြီးအတွက် ကမ်းလှမ်းမှုများလည်း ရရှိထားကြောင်း သိရသည်။

"လူတိုင်းကတော့ အကောင်းဆုံးဖြစ်ချင်ကြတာပါ။ ဒါပေမယ့် ကံတရားရော လုပ်ပိုင်ခွင့်ရတဲ့အချိန်မှာ အကောင်းဆုံး လုပ်ပြဖို့ရော အခြေအနေနဲ့ အချိန်အခါတွေ လိုပါတယ်။ ကြိုးစား နိုင်သလောက် ကြိုးစားနေပါတယ်။ လိုအပ်ချက်လေးတွေ ရှိနေသေးရင်တော့ ကိုယ်မျှော်လင့်သလောက် ရဦးမှာမဟုတ်ပါဘူး" ဟု စိုးနန္ဒကျော်က ပြောသည်။

**ဝေလင်း**



## လွှတ်တော်ကိုယ်စားလှယ်များ အတွေ့အကြုံအားကောင်းခြင်းသည် နိုင်ငံအတွက် အလားအလာကောင်းဟုဒေါ်ဆွေဇင်ထိုက် ပြောကြား

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ၊ ပြည်သားများ၏ ကိုယ်စားလှယ်များဖြစ်ခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်များ အတွေ့အကြုံအားကောင်းခြင်းသည် နိုင်ငံအတွက် တည်ငြိမ်အေးချမ်းရန် အလားအလာကောင်းများဖြစ်ကြောင်း ဒေါ်ဆွေဇင်ထိုက်က ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီက Orchid Hotel ၌ ကျင်းပသည့် နိုင်ငံတကာ ပါလီမန်ငြိမ်းချမ်းရေး အဖွဲ့အစည်း ညီလာခံ မိန့်ခွန်းလွှာ ကြေညာခြင်းနှင့်ပတ်သက်သည့် အခမ်းအနားတွင် ပြောကြားသည်။

နိုင်ငံတကာပါလီမန်အဖွဲ့အစည်းဖြစ်သည့် Association of Parliamentarians for Peace သည် ၂၀၁၆ ခုနှစ်တွင် နိုင်ငံပေါင်း ၄၄ နိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ် ၁၅၀ ကျော်နှင့် ဖွဲ့စည်းထားပြီး တစ်ဦးနှင့်တစ်ဦး ကူညီကာ ငြိမ်းချမ်းရေးအတွက် အကြောင်းအရာများကို အဖြေရှာပေးကြရန် ရည်ရွယ်ကြောင်း ပါလီမန်ငြိမ်းချမ်းရေးညီလာခံမှ အကြောင်းအရာများကို ဇူလိုင် ၃ ရက်က လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြားကာ ဖြန့်ဝေခဲ့ပြီး ကိုယ်စားလှယ် ၁၀၀ ကျော် တက်ရောက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အတူတကွ ဖြေရှင်းညှိနှိုင်း အဖြေရှာခဲ့ကြကြောင်း ဒေါ်ဆွေဇင်ထိုက်က ပြောသည်။

နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးနှင့် ဖျော်ဖြေရေးအစရှိသည့် မည်သည့်နယ်ပယ်တွင်မဆို ပြဿနာရပ်များကို အေးချမ်းသည့်နည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာရန် လိုအပ်နေကြောင်း သို့မှသာ ပြဿနာရပ်တိုင်းအတွက် အဖြေများရရှိလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပိုမိုဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## အနုပညာကြေးကျပ်နှစ်သိန်းသတ်မှတ်ထားပြီး ဝင်ငွေခွန်ပေးဆောင်မည့်သဟာအောင်



ဗိုလ်အောင်ဒင်၏ ဖန်တီးရှင် မနောသီချင်းအများစု၏ ပွဲကိုင်တေးရေး သဟာအောင်က ပရိသတ်လက်ခံလွယ်ပြီး လူတန်းစားမရွေး ကြိုက်နှစ်သက်အောင် ဖန်တီးခြင်းမှာ မလွယ်ကူကြောင်း ပြောသည်။

"အလွှာငါးခုမှာရှိတဲ့ ဂီတအသိုင်းအဝိုင်းက လူတွေအားလုံး အခွန်ဆောင်ရမယ်ဆိုတော့ ကျွန်တော်တို့ကလည်း ဆောင်မှာပါ။ ကျွန်တော်တို့အနေနဲ့ကတော့ ငွေကြေး၊ လူ၊ စိတ်အားလုံးနဲ့ရင်းနှီးပြီး ဂီတကို ဖန်တီးရတာဖြစ်ပါတယ်။ ဥပဒေတွေနဲ့ ပတ်သက်ပြီး ကျွန်တော်သေသေချာချာတော့ မသိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ပြည်သူတွေအားလုံး အခွန်ဆောင်သင့်သလို ခိုးကူးခွေတွေ၊ မူပိုင်ခွင့်ချိုးဖောက်တာတွေကိုလည်း တိတိကျကျ အရေးယူပေးစေချင်တယ်"ဟု သဟာအောင်က ပြောသည်။ သဟာအောင်က သီချင်းပုဒ်ရေများစွာ ရေးသားခဲ့သူဖြစ်ပြီး လက်ရှိတွင် သီချင်းတစ်ပုဒ်ကို အနုပညာကြေးအဖြစ် ငွေကျပ် နှစ်သိန်းသတ်မှတ်ထားပြီး အခွန်ရုံးကိုပေးဆောင်ရမည့် သတ်မှတ်ချက်ကို သေသေချာချာ မသိသေးသည့်အတွက် လက်ရှိတွင် အခွန်မဆောင်ရသေးကြောင်း သိရသည်။

လတ်တလော ဂီတလှုပ်ရှားမှုအနေဖြင့် အဆိုတော် မနောနှင့်အတူ တေးရေးဆရာညီအစ်ကိုများစုပေါင်းပြီး အခွေတစ်ခွေ ဖန်တီးသွားရန်ပြင်ဆင်နေကြောင်း၊ "ဟောကြည့်ပါ"ဟု အမည်ပေးထားကြောင်း သိရသည်။ **ကိုလင်း**

## ဖန်းမော်မြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့၍ မိုးစပါးစိုက်ပျိုးမှု အဆင်ပြေ



**ဖန်းမော် ဇူလိုင် ၁၄**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ်တွင် မိုးရွာသွန်းမှုနည်းပါးပြီး မိုးရေမရရှိသဖြင့် လယ်ကွင်းတွင် တပေါက်ကျင်းများတူး၍သော်လည်းကောင်း၊ နီးစပ်ရာမြစ်၊ ချောင်း၊ အင်းများမှ ရေစုပ်စက်ဖြင့် ရေတင်၍သော်လည်းကောင်း မိုးစပါးများကို စိုက်ပျိုးလျက်ရှိကြရာမှ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မိုးစပါးစိုက်ပျိုးမှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဖန်းမော်မှာ ဇူလိုင် ၁၃ ရက်ကစပြီး မိုးအဆက်မပြတ် ရွာသွန်းခဲ့တယ်။ လယ်ကွင်းထဲမှာ ရေပြည့်လျှံခဲ့လို့ မိုးစပါးစိုက်ပျိုးရတာ အဆင်ပြေခဲ့တယ်။ မိုးကြီးမရွာခင်က လယ်ကွင်းအတွင်းမှာ အနက်ပေ ၃၀ ကျော်၊ အကျယ် လေးလက်မ၊ ငါးလက်မ တပေါက်ကျင်းတူးပြီး ရေစုပ်စက်နဲ့ ရေတင်စိုက်ပျိုးခဲ့ကြရတယ်။ အခုတော့ မိုးသည်းထန်စွာ ရွာသွန်းတဲ့အတွက် မိုးစပါးစိုက်ပျိုးမှုအဆင်ပြေပါပြီ" ဟု စီဟဲကျေးရွာနေ တောင်သူဦးဖိုးဌေးက ပြောသည်။

ဖန်းမော်တွင် ဇူလိုင် ၁၃ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်မှာ ၄ ဒသမ ၅၇ လက်မဖြစ်ပြီး ယခုနှစ် ဖန်းမော်မြို့တွင် အများဆုံးရွာသွန်းခဲ့သော မိုးရေချိန် လက်မဖြစ်ကြောင်း ခရိုင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

**ဆီမီးခုံ -နန်းရီ**

## ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ကျောင်းသူအား ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီက ထောက်ပံ့



**ဂန့်ဂေါ ဇူလိုင် ၁၄**

ဂန့်ဂေါမြို့ ခုတင် ၁၀၀ ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသည့် ဆဋ္ဌမတန်းကျောင်းသူ မယမင်းအိန္ဒြာအတွက် ဂန့်ဂေါခရိုင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးဝင်းဇော်နိုင်က ငွေကျပ် ၁၄၅၀၀၀ ကိုလည်းကောင်း၊ မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ငွေကျပ် ၆၅၀၀၀ ကိုလည်းကောင်း ဇူလိုင် ၁၁ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ မယမင်းအိန္ဒြာသည် ဇူလိုင် ၇ ရက်က ဖခင်ဖြစ်သူ ဦးမင်းမင်းဇော်က အရက်ကြောင်ပြီး ဓားဖြင့်ခုတ်ရာ လည်ပင်းနှင့် လက်တို့၌ ဒဏ်ရာရရှိသဖြင့် ဆေးရုံတက်ရောက်ကာ ဆေးကုသမှုခံယူနေရခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဧရာဝတီမြစ်ရေဝင်ရောက်လာမှုကြောင့် ရွှေတောင်မြို့မှ နေအိမ်အချို့ ပြောင်းရွှေ့ရ

**ရွှေတောင် ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့အတွင်း ဧရာဝတီမြစ်ရေ ဝင်ရောက်လာမှုကြောင့် မြစ်ကမ်းနံဘေးရှိ အနိမ့်ပိုင်းရပ်ကွက်မှ နေအိမ်အချို့အား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးထားရကြောင်း သိရသည်။

ဇွန်လနှောင်းပိုင်းနှင့် ဇူလိုင်လဆန်းပိုင်းကတည်းက ဧရာဝတီမြစ်ရေသည် တဖြည်းဖြည်းမြင့်တက်လာမှုကြောင့် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက် ချောင်းသာကွက်သစ်အောက်ချိုင့်ရှိ နေအိမ် ၂၅ အိမ်ခန့်ရေနစ်မြုပ်ခဲ့သည်။ ထို့ကြောင့် ဘေးလွတ်ရာဖြစ်သည့် ချမ်းသာကြီးစေတီဝန်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း ဒေသခံများက ပြောသည်။

"ဘယ်လိုမှ နေလို့မရတော့လို့ လူကြီးတွေနဲ့ အစည်းအဝေးလုပ်ပြီး ပြောင်းရွှေ့လိုက်ရတာပါ။ ပြောင်းပြီဆိုကတည်းက အခက်အခဲတွေရှိတယ်။ ကျွန်တော်တို့နေတဲ့ အိမ်တန်းကလည်း အားလုံးလက်လုပ် လက်စားတွေချည်းပဲ ဆိုတော့ စားဝတ်နေရေးအတွက် အခက်အခဲတွေရှိပါတယ်"ဟု ပြောင်းရွှေ့လာရသူ ဒေသခံတစ်ဦးက ပြောသည်။



ရွှေ့ပြောင်းနေရသူများမှာ အိမ်ထောင်စု ၂၈ စု လူဦးရေ ၁၀၀ ခန့်ရှိပြီး မိသားစုဝင်များ၏ နေအိမ်များသို့ ရွှေ့ပြောင်းနေထိုင်မှုများရှိကြောင်း၊ ယင်းစေတီဝင်းတွင် လူဦးရေ ၅၀ ခန့်ရှိပြီး စားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်စသည်တို့ လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြောင်းရွှေ့နေထိုင်ရမှုနှင့်ပတ်သက်၍ ချမ်းသာကြီးစေတီဂေါပက ဒေါက်တာ ခင်မောင်ထွန်းက "နေထိုင်ဖို့ နေရာ၊ ရေ၊ မီးကအစ အားလုံးအဆင်ပြေအောင် စီစဉ်ပေးထားတယ်။ ယခုလို ဧရာဝတီမြစ်ရေ ဝင်ရောက်တဲ့အတွက် နေအိမ်တွေနစ်မြုပ်တယ်။ စိုက်ခင်းတွေဖြစ်တဲ့ ပြောင်းစိုက်ခင်းနဲ့ ရုံးပတီစိုက်ခင်းတွေလည်း နစ်မြုပ်ပျက်စီးခဲ့တယ်"ဟု ပြောသည်။ **ကိုလွင်(ဆွာ)**

## အာဇာနည်နေ့အကြို စာပေဟောပြောပွဲပြုလုပ်

**မော်လမြိုင် ဇူလိုင် ၁၄**

မော်လမြိုင်မြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၀ရက်က ဒေါက်တာလှဘေ ပညာပါရမီစာကြည့်တိုက်အဖွဲ့က ဦးဆောင်၍ အာဇာနည်နေ့အကြို စာပေဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲ၌ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (မွန်ပြည်နယ်) ဒုဥက္ကဋ္ဌ ဦးတင်ထွန်းက "ဗိုလ်ချုပ်ကိုသတိရရင် တို့တစ်တွေဘာလုပ်ရမလဲ"၊ စာရေးဆရာမ ဒေါ်မြတ်ဇင်မာအေးက "အာဇာနည်မျိုး သေရိုးမရှိ"၊ စာရေးဆရာကြီး နတ်တလင်း ချစ်လွင်က "ကျွန်တော်ကတော့ ဗိုလ်ချုပ်ပဲ" ခေါင်းစဉ်တို့ဖြင့် အသီးသီး ဟောပြောခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**



# နှစ် ၆၀ သက်တမ်းခရီးနှင့် မြန်မာ့ဆေးဝါး BPI

**သတင်းဆောင်းပါး-သီသီမင်း၊မင်းသစ်၊ ဓာတ်ပုံ -နေလင်း**

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းလက်အောက်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်)မှ BPI အမှတ်တံဆိပ်ဖြင့် ၁၉၅၈ ခုနှစ်မှစ၍ ဆေးဝါးများထုတ်လုပ်ရောင်းချလာခဲ့သည်မှာ ယခုဆိုလျှင် သက်တမ်းကာလအားဖြင့် နှစ် ၆၀ ခရီးသို့ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်သည်။

စျေးနှုန်းချိုသာခြင်း၊ဆေးဝါး၏အရည်အသွေး၊ အာနိသင်ကောင်းမွန်ခြင်းနှင့် သုံးစွဲသူပြည်သူများ၏ ယုံကြည်မှုအပြည့်အဝရှိခြင်းတို့ကြောင့် BPI အမှတ်တံဆိပ်ဆေးများမှာ ပြည်တွင်းရှိ ဆေးဝါးဈေးကွက်အတွင်း ခိုင်မာစွာရပ်တည်နိုင်ခဲ့သည်။

ယနေ့အချိန်အခါတွင် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းလက်အောက်ရှိ ဆေးဝါးစက်ရုံများမှ အရည်အသွေးကောင်းမွန်သည့် ခေတ်မီဆေးဝါးများကို တိုးမြှင့် ထုတ်လုပ်ကာ ဒေသတွင်းရှိ သုံးစွဲသူပြည်သူလူထုလက်ဝယ်သို့ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ဆေးဝါးစက်ရုံတွေကနေ ပြည်သူလူထုအတွက်လိုအပ်တဲ့ ဆေးဝါးတွေတိုးမြှင့်ထုတ်လုပ်နေပါတယ်။ အစိုးရသစ်လက်ထက်မှာဆေးဝါးတိုးမြှင့်ထုတ်လုပ်မှု စီမံကိန်းအရလည်း ဆေးအမယ်သစ်တွေထပ်မံထုတ်လုပ်နေပါတယ်" ဟု ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဒုတိယစက်ရုံမှူး ဒေါက်တာအောင်ဇော်က ပြောသည်။

အစိုးရသစ်တက်လာပြီးနောက်ပိုင်း ၂၀၁၆-၂၀၁၇ ခုနှစ်တွင် BPI ဆေးဝါးစက်ရုံ (အင်းစိန်)မှ ဆေးဝါးအမယ်သစ်စုစုပေါင်း ၁၁ မျိုးထုတ်လုပ်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဆေးဝါးအမယ်သစ်ခြောက်မျိုးကို တီထွင်ထုတ်လုပ်လျက်ရှိသည်။

BPI အမှတ်တံဆိပ် ဆေးဝါးများအား ကြားကာလတစ်ခုတွင် MPF အမှတ်တံဆိပ် ဖြင့် ပြောင်းလဲထုတ်လုပ်ခဲ့သော်လည်း ယခုအခါ BPI အမှတ်တံဆိပ်ဖြင့်သာ ပြန်လည်ထုတ်လုပ်ကာ ဈေးကွက်အတွင်း ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

"ကျွန်တော်တို့စက်မှုဝန်ကြီးဌာနနဲ့ MPF ကသက်ဆိုင်ခြင်းမရှိပါဘူး။ MPF က ပြင်ဦးလွင်ဆေးဝါး စက်ရုံက သုံးတဲ့ အမှတ်တံဆိပ်ပါ။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကို ၂၀၀၉ ခုနှစ်ကတည်းက အပြီးအပိုင်လွှဲပြောင်းပေးခဲ့တာပါ"ဟု ဒေါက်တာအောင်ဇော်က ပြောသည်။

BPI ဆေးဝါးစက်ရုံ(အင်းစိန်)အနေဖြင့် ၁၉၅၈ ခုနှစ်မှစ၍ ဆေးပြား၊ ဆေးတောင့်အမျိုးမျိုး၊ဆေးဆီ၊ ဆေးရည်အမျိုးမျိုး၊ ထိုးဆေးနှင့် သွေးကြောသွင်း ဆေးရည်အမျိုးမျိုး အပြင် နိုင်ငံတော်အတွက် အရေးတကြီးလိုအပ်လျက်ရှိသော မြွေဆိပ်ဖြေဆေးကဲ့သို့ အဆိပ်ဖြေကုသဆေးအပြင် အခြားကာကွယ်ဆေးများကိုလည်း ထုတ်လုပ်လျက်ရှိသည်။

၂၀၁၅-၂၀၁၆ ခုနှစ်အထိ ဆေးဝါးထုတ်လုပ်မှု စုစုပေါင်း ငွေကျပ်၁၇ ဒသမ ၂၇၁ ဘီလီယံတန်ဖိုး (တစ်နိုင်ငံလုံးဆေးဝါးတင်သွင်း မှု၏ ၁၃ ရာခိုင်နှုန်းခန့်) ထုတ်လုပ်နိုင်ခဲ့ပြီး အစိုးရသစ်လက်ထက် မှစ၍ ခေတ်မီဆေးဝါးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၆ ဒသမ ၀၈၅ ဘီလီယံသို့ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေကျပ် ၄၀ ဒသမ ၀၀ ဘီလီယံသို့ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ ပြည်သူ့ဆေးရုံကြီးတွေအတွက် ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့ အမှာစာ၊ တပ်မတော်ဆေးရုံတွေအတွက် ကာကွယ်ရေးဝန်ကြီးဌာနက အမှာစာနဲ့ အလုပ်သမားဆေးရုံတွေအတွက် အမှာစာတွေရထားတယ်၊ ထုတ်လုပ်မှု စုစုပေါင်းငွေကျပ် ၄၀ ဘီလီယံ တန်ဖိုးလောက်ထုတ်မယ်။ ဝန်ကြီးဌာနကအမှာစာအတွက် စုစုပေါင်းငွေကျပ် ၂၈ ဘီလီယံဖိုးလောက်ထုတ်လုပ်ပေးရမှာပါ။ ဒါဆိုတော့ငွေကျပ် ၁၂ ဘီလီယံ တန်ဖိုးလောက်အများပြည်သူကို ရောင်းချပေးမှာဖြစ်ပါတယ်" ဟု ဆေးဝါး စက်ရုံ(အင်းစိန်) မှ ဒေါက်တာအောင်ဇော်က ပြောသည်။

ထိုသို့ ဆေးဝါးများကို တိုးမြှင့်ထုတ်လုပ်ခဲ့ရာတွင် သက်တမ်းကြာမြင့်စွာတည်ရှိခဲ့ပြီဖြစ်သည့် BPI ဆေးဝါး စက်ရုံ(အင်းစိန်)တွင်အချို့သော ဆေးဝါးထုတ်လုပ်မှု အဆောက်အအုံများသည် လက်ရှိကျင့်သုံးလျက်ရှိသော ဆေးဝါးထုတ်လုပ်မှုကျင့်စဉ် (GMP)နှင့် ကိုက်ညီခြင်းမရှိတော့ သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ ခေတ်မီဆေးဝါးတိုးမြှင့်ထုတ်လုပ်မှု စီမံကိန်း New BPI Project အား စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

အဆိုပါ New BPI Project တွင် ပထမအဆင့်အနေဖြင့် ၂၀၁၆ ခုနှစ် မေ ၂၀ ရက်တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု အဆောက်အအုံနှင့် ခေတ်မီဆေးဝါးသိုလှောင်ရုံ အဆောက်အအုံကိုဖွင့်လှစ်နိုင်ခဲ့ပြီး မြွေဆိပ်ဖြေဆေးအဆောက်အအုံ တည်ဆောက်နေစဉ်ကာလအတွင်း တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများကို ဂျာမနီ၊ ဩစတြေးလျ၊ ဘရာဇီးလ်၊ထိုင်းနှင့် စင်ကာပူနိုင်ငံများသို့ ပညာတော်သင်စေလွှတ်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ မြွေဆိပ်ဖြေဆေးအလုံးရေ တစ်သိန်းထုတ်လုပ်နိုင်ခဲ့ပြီး ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးရုံ၊ ဆေးခန်းများမှ မှာယူသည့်အရေအတွက်အတိုင်း ပြည့်မီစွာထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ပြီ ဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် Cephalosporin ပဋိဇီဝထိုးဆေးအဆောက်အအုံနှင့် Small Volume Parenteral Production Plant တို့အားဖွင့်လှစ်ခဲ့ရာ ယခင်က Penicillin ထိုးဆေး တစ်မျိုးတည်းကိုသာ ထုတ်လုပ်ခဲ့ရာမှ ယခုအခါ Ceftriaxone, Cefotaxime နှင့် Cefepime ထိုးဆေး စုစုပေါင်း ၄ သန်းနီးပါးနှစ်စဉ်ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။

တတိယအဆင့်အနေဖြင့်ဆေးပြား၊ဆေးတောင့် ထုတ်လုပ်မှုအဆောက်အအုံအား ၂၀၁၇ ခုနှစ် နှစ်လယ်ခန့်တွင် ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး ပြီးစီးပါက နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော ဆေးဝါးများကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။

ထို့နောက် ဒေသတွင်းလိုအပ်လျက်ရှိသည့် BPI ခေတ်မီ ဆေးဝါးဆေးပြား ၆၉ မျိုး၊ဆေးမှုန့် တစ်မျိုးနှင့်ထိုးဆေး ၆၄ မျိုးတို့၏ထုပ်ပိုးမှုပုံစံအသစ်ကိုစက်ဖြင့် အလိုအလျောက် ထုပ်ပိုးပေးနိုင်သည့် ခေတ်မီစက်သစ်များဖြင့် QR Code (အတုအပမပြုလုပ်နိုင်သော Code)များ ထည့်သွင်းပြီး သေသပ်လှပစွာထုပ်ပိုး၍ ပုံစံပြောင်းလဲထုတ်လုပ်ခဲ့သည်။

ထို့အပြင်ပြည်သူလူထု၏ ကျန်းမာရေးအတွက် အန္တရာယ်တစ်ရပ်ဖြစ်သည့် ဆေးဝါးဈေးကွက်အတွင်း ရောက်ရှိနေသည့် BPI အမှတ်တံဆိပ်ဆေးဝါးအတုများ၊သက်တမ်းလွန်ဆေးဝါးများကို ၂၀၁၆ ခုနှစ်စက်တင်ဘာလအတွင်းရှာဖွေ၊ စစ်ဆေးအရေးယူမှုများ ပြုလုပ်ခဲ့ရာ ဈေးကွက်အတွင်းရှိ BPI တံဆိပ်ဆေးဝါးအတု ၄၄ မျိုး၊ သက်တမ်းလွန်ဆေးဝါး ၉၈



အင်းစိန် BPI ဆေးဝါးစက်ရုံမှ ထွက်ရှိလာသောဆေးဝါးများထုပ်ပိုးဌာနမှစုစည်းနေစဉ်

မျိုးနှင့် သံသယဖြစ်ဖွယ်ဆေးဝါး ၂၁ မျိုးကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းစစ်ဆေးအရေးယူခဲ့ပြီး ဈေးကွက်အတွင်းရှိ ဆေးဝါးအတုများကို ရှင်းလင်းဖယ်ရှားမှုများ ပြုလုပ်နိုင်ခဲ့သည်။

"မနှစ်က ဆေးဝါးအတုတွေဖမ်းမိတဲ့အချိန်မှာ အားနည်းချက်ကဘာလဲဆိုတာ တွေ့တယ်၊အခု ၂၀၁၆ အောက်တိုဘာလကစပြီး ထုပ်ပိုးမှုပုံစံတွေပြင်တယ်၊ ထုတ်လုပ်တဲ့ဘူးခွံတွေရဲ့ အဖုံးပေါ်မှာ BPI အမှတ်တံဆိပ်ပါလာပြီ၊ ပလတ်စတစ်ဘူးတွေမှာလည်း BPI အမှတ်တံဆိပ်တွေပါလာပြီ၊ ဆေးပြားတွေပေါ်မှာလည်း အသားတံဆိပ်ပါလာပြီ၊ အတုအပလုပ်လို့မရတဲ့ အလွှာပါးလေးတွေအုပ်ထားတယ်။ ခွင့်ပြုချက်မရှိတဲ့ BPI အသားတံဆိပ်မပါတဲ့ဆေးတွေ ဈေးကွက်ထဲရောင်းချတာတွေ့ရင် တရားစွဲဆိုသွားမယ်၊ ဒီလိုနည်းနဲ့ ဆေးဝါးအတုတွေ လျော့နည်းပပျောက်သွားအောင် ထိန်းချုပ်သွားမယ်၊ နောက်ပြီး ဈေးကွက်လေ့လာစောင့်ကြည့်ရေးအဖွဲ့ကိုလည်းသီးသန့်ထပ်မံဖွဲ့စည်းထားတာ ရှိပါတယ်"ဟု ဒေါက်တာ အောင်ဇော်က ပြောသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဆေးဝါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆေးဝါးအတုများ ကင်းရှင်းရေးအတွက်ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၅ ရက်က စက်မှုဝန်ကြီးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးတို့က ဆေးဝါးနှင့်ဓာတုပစ္စည်းအမျိုးပေါင်း ၂၀,၀၀၀ ကျော်ကို စစ်ဆေးနိုင်သည့် အရွယ်အစားသေးငယ်၍ ကွန်ပျူတာဖြင့် အလွယ်တကူချိတ်ဆက်အသုံးပြုနိုင်သော ဆေးဝါးအတုအစစ် အလွယ်တကူခွဲခြားနိုင်သည့် စက်ဖြင့်လက်တွေ့သရုပ်ပြစစ်ဆေးမှုကို ဆောင်ရွက်ခဲ့သည်။ အဆိုပါစက်ဖြင့် ဈေးကွက်အတွင်း မည်သည့် နေရာတွင်မဆို On-site အလွယ်တကူ သွားရောက်စစ်ဆေးနိုင်မည်ဖြစ်သည်။



အင်းစိန် BPI ဆေးဝါးစက်ရုံတွင် ဆေးဝါးထုတ်လုပ်မှုအဆင့်ဆင့်ဆောင်ရွက်နေစဉ်

BPIဆေးဝါးစက်ရုံ (အင်းစိန်)အပြင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံမှလည်း ပြည်သူလူထု၏ ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဘေးကင်းလုံခြုံစိတ်ချပြီး ဈေးနှုန်းသက်သာစွာဖြင့် ဆေးဝါးများ သုံးစွဲနိုင်ရန်သွေးကြောသွင်းဆေးရည်၊ ထိုးဆေး၊ ဆေးမှုန့်၊ ဓာတ်ဆား၊ မျက်စဉ်းဆေး၊ ဂလူးကို့စ်နှင့် ဆေးထိုးအပ်များကို ထုတ်လုပ်လျက်ရှိသည်။

"ကျောက်ဆည်ဆေးဝါးစက်ရုံက ထုတ်လုပ်မှုအနေနဲ့ ပြည်သူလူထုတစ်နှစ်လုံး လိုအပ်ချက်ရဲ့ ငါးရာခိုင်နှုန်းလောက်ပဲ ထုတ်လုပ်နိုင်သေးတယ်။ ပြည်သူလူထုအတွက် လိုအပ်တဲ့ သွေးကြောသွင်းဆေးရည်ကို တိုးချဲ့ထုတ်လုပ်ပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံမှစက်ရုံမှူး ဦးမျိုးနန္ဒက ပြောသည်။

ဆေးဝါးစက်ရုံ(ကျောက်ဆည်)မှ ထုတ်လုပ်သည့် ဆေးမျိုးစုံကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ငွေကျပ် ၃ ဘီလီယံကျော်တန်ဖိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်၇ ဒသမ ၅ ဘီလီယံတန်ဖိုးရောင်းချပေးရန် အမှာစာရရှိထားပြီးဖြစ်သည်။

"စက်ရုံအနေနဲ့ ဆေးဝါးတွေကို ယခင်နှစ်ထက် ၅၀ ရာခိုင်နှုန်းကျော် တိုးမြှင့်ထုတ်လုပ်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ထုတ်လုပ်မယ့်ဆေးပစ္စည်းတိုင်းမှာလည်းအမှာစာတွေ ရရှိပြီးဖြစ်ပါတယ်"ဟု စက်ရုံမှူး ဦးမျိုးနန္ဒက ပြောသည်။

နိုင်ငံတော်နှင့် ပြည်သူလူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆေးဝါး စက်ရုံ(ကျောက်ဆည်)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်နှစ်ပတ်လုံးဆေးဝါးထုတ်လုပ်မှု သန်း ၅၅၀၀ ထုတ်လုပ်ခဲ့ပြီး ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သန်း ၈၅၀၀ခန့်အထိ ဆေးဝါးထုတ်လုပ်မှုကို တိုးမြှင့်ထုတ်လုပ်ရန်လျာထားလျက်ရှိသည်။

ဆေးဝါးစက်ရုံ(ကျောက်ဆည်) မှ ဈေးကွက်လိုအပ်ချက်ကို ပြည့်မီစွာ ထုတ်လုပ်နိုင်ရန် သွေးကြောသွင်းဆေးရည်ထုတ်စက်ရုံသစ်ကို တည်ဆောက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး သွေးကြောသွင်းဆေးရည်စက်ရုံသစ် ဆောက်လုပ်မှု ပြီးစီးပါက ယခင်က သွေးကြောသွင်းဆေးရည်ထုတ်လုပ်မှု တစ်နှစ်လျှင် ၂ ဒသမ၅ သန်းခန့်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ၅ သန်းခန့်ထိ ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"အခုစက်ရုံသစ်က နောက်ဆုံးပေါ်နည်းပညာနဲ့ ထုတ်လုပ်တဲ့အတွက် ပိုမိုစိတ်ချ လုံခြုံမှုရှိပြီး ထုတ်လုပ်မှုမှာလည်း ယခင်ကထက် ပိုမိုထုတ်လုပ် နိုင်မှာဖြစ်ပါတယ်"ဟု စက်ရုံမှူး ဦးမျိုးနန္ဒက ပြောသည်။

ထို့အတူ ဆေးဝါးစက်ရုံ(ကျောက်ဆည်)မှ ပြည်သူလူထုအတွက်လိုအပ်သည့် ဆေးဝါးများကို တိုးချဲ့ထုတ်လုပ်နိုင်ရန် စမ်းသပ်သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေကာ ယခင်နှစ်က ဆေးဝါးတစ်မျိုးကို စမ်းသပ်အောင်မြင် ထုတ်လုပ်နိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ဆေးဝါးလေးမျိုးကို စမ်းသပ်ခဲ့ရာ အောင်မြင်ခဲ့ပြီဖြစ်၍ ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်က BPI ဆေးဝါးများကို အရောင်းကိုယ်စားလှယ်များကတစ်ဆင့်ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေရာမှ အရည်အသွေးပြည့်မီသည့် BPI ဆေးဝါးများကိုအများပြည်သူ လက်ဝယ်သို့ ဈေးနှုန်းချိုသာစွာတိုက်ရိုက်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ ရန်ကုန်မြို့တွင် ကျောက်တံတားမြို့နယ် ဗိုလ်ဆွန်ပက် အောက်လမ်း၊ ပန်းဆိုးတန်းအောက်လမ်း၊ တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်အနောက်ကြို့ကုန်း BPI စက်ရုံရှေ့နှင့် စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်းဝေဠုဝန်အိမ်ရာ တို့တွင် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

မန္တလေးမြို့တွင်လည်း အောင်မြေသာစံမြို့နယ် ၂၂ လမ်း၊ ၈၀-၈၁ လမ်းကြားတွင်လည်းကောင်း၊ နေပြည်တော်တွင် ဇမ္ဗူသီရိမြို့နယ်၊ မြို့မ ဈေးပွဲရုံတန်း၊ ပ-၈၆၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာဌာနီလမ်းနှင့် ဇမ္ဗူသီရိမြို့နယ်၊ စည်ပင်ဧည့်ရိပ်သာ အဆောင် (၄၅) အခန်း ( ၁) တွင် လည်းကောင်း၊ မြစ်ကြီးနား၊ ဟားခါး၊ တောင်ကြီး၊ မန္တလေး၊ မုံရွာ၊ အောင်လံ၊ ပြည်နှင့် ဘားအံမြို့များရှိ စက်မှုကြီးကြပ်ရေးရုံးခွဲများတွင် လည်းကောင်း အသီးသီးဖွင့်လှစ်ရောင်းချလျက်ရှိသည်။

" BPI ဆေးတွေက အရောင်းဆိုင်တွေမှာ သွားဝယ်တာတောင် လိုသလောက်ဝယ်လို့မရဘူး၊ တစ်ယောက်မှ တစ်ဘူး၊ နှစ်ဘူး ဒီလောက်ပဲဝယ်လို့ရတယ်၊ ကျွန်မတို့အိမ်မှာက ဝမ်းပျော့ဆေးတို့၊ ဘားပလက်တို့၊ စီဗစ်တို့ အမြဲဆောင်ထားရတာ၊ များများဝယ်ထားလို့ရရင်ကောင်းမှာ"ဟု ရန်ကုန်မြို့သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်သူဇာက ပြောသည်။

လက်ရှိတွင် BPI ဆေးဝါးများကို အများပြည်သူလွတ်လပ်စွာ ဝယ်ယူသုံးစွဲနိုင်ရန် ဆေးအမျိုးပေါင်း ၅၀ ကျော်ရောင်းချပေးလျက်ရှိပြီး ပြည်သူ့ဆေးရုံကြီးများ၊ တပ်မတော်ဆေးရုံကြီးများ၊ အရောင်းစင်တာကြီးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် FDA မှ ထုတ်ပေးထားသည့် အထူးထိန်းချုပ်ဆေးဝါးရောင်းချခွင့်လိုင်စင်၊ သာမန်ဆေးဝါးရောင်းချခွင့်လိုင်စင်ရရှိထားသည့် ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းများအနေဖြင့် BPIဆေးဝါးများကို ဝယ်ယူလိုပါက စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးစက်ရုံများနှင့် တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

